မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၉၅)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ၂၅-၉-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်အတွင်း လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နေမှုတို့အား ကြည့်ရှုစစ်ဆေး

## နယ်မြေခံတပ်များနှင့် ဒေသခံများ တစ်သားတည်းဖြစ်နေရမည်ဖြစ်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နယ်မြေလုံခြုံရေး၊ ဒေသခံများ၏လုံခြုံရေးကို အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ သို့ *

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၅ ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# နေ့စဉ်မှန်မှန် လမ်းလျှောက်စို့

လူသားတိုင်း ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်အတွက် ပုံမှန်ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုပြုလုပ်ရန် လိုသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုဟု ဆိုရာတွင် သက်လုံကောင်းမှု၊ ကြွက်သားသန်မာမှု၊ ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းနိုင်မှု၊ ခန္ဓာကိုယ်ပျော့ပျောင်းမှုဟူသော အကျိုးများ ရရှိနိုင်စေရန်အတွက် ဆိုင်ရာ ဆိုင်ရာလေ့ကျင့်ခန်းများကို ပုံမှန်အစီအစဉ်ဖြင့် စနစ်တကျပြုလုပ်ကြခြင်း ဖြစ်သည်။

ယခုအခါ လူနေမှုပုံစံများ ပြောင်းလဲလာသည့်အလျောက် အစားအသောက်နှင့် နေ့စဉ်လှုပ်ရှားသွားလာမှု၊ အလုပ်အကိုင် စသည်တို့က လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာသည်။ ခန္ဓာကိုယ်တွင် ရောဂါတစ်စုံတစ်ရာ စွဲကပ်လာမှ ကုသခြင်းထက် ရောဂါမဖြစ်မီကပင် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုပုံစံအတိုင်း စားသောက်သွားလာ၊ နေထိုင်၊ လုပ်ကိုင်ခြင်းဖြင့်သာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနိုင်ကြမည် ဖြစ်သည်။

ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ရာတွင် လမ်းလျှောက်ခြင်းသည် အလွယ်ကူဆုံး၊ ငွေကုန်ကြေးကျအသက်သာဆုံးနှင့် အကျိုးကျေးဇူးအများဆုံးဖြစ်ကြောင်း သုတေသီများက လေ့လာတွေ့ရှိထားကြသည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ လွန်စွာများပြားသည့်အလျောက် ကျန်းမာရေးအကျိုးရလဒ်များ ခံစားရယူနိုင်ကြသည်။

လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းကို တစ်နေ့လျှင် နာရီဝက်မျှ ပြုလုပ်ခြင်းအားဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်ပွားမှုကို လျှော့ကျစေနိုင်သည်။ ပုံမှန်လမ်းလျှောက်ခြင်းသည် ကယ်လိုရီများကို လောင်ကျွမ်းစေကာ ကိုယ်အလေးချိန်ကို ထိန်းညှိစေသည့်အတွက် အဝလွန်ခြင်းကို လျှော့ကျစေသည်။ ထို့အပြင် ဆီးချိုကိုလည်း ထိန်းပေးနိုင်သည်။ အမျိုးသမီးများတွင်လည်း နေ့စဉ် ကျန်းမာရေးအတွက် လမ်းလျှောက်ပါက ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာဖြစ်နှုန်းကို လျှော့ကျစေနိုင်သည်။ ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေသည့်အတွက် ဖျားနာမှုနှုန်းလျှော့ချပေးနိုင်သည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို မြှင့်တင်ပေးနိုင်သည်သာမက ဦးနှောက်နှင့် မှတ်ဉာဏ်ပိုင်းကိုလည်း ပိုမိုကောင်းမွန်စေပြီး စိတ်ပိုင်းဆိုင်ရာခံစားမှုအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုလည်း ဖြစ်ပေါ်စေသည်။

သို့ဖြစ်ရာ လမ်းလျှောက်ခြင်းသည် မကူးစက်တတ်သော ရောဂါများစွာတို့အတွက် အစွမ်းထက်သည့် ဆေးတစ်လက်ဖြစ်သောကြောင့် နံနက်ခင်းတွင် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းဆုလာဘ်ကို လူတိုင်းပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ရွှေးဟောင်းအဆောက်အအုံပြိုကျမှုကြောင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ပစ္စည်း၊ ထောက်ပံ့ငွေများ ပေးအပ်



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်တွင် ယနေ့ နံနက် ၂ နာရီကျော်က ရှေးဟောင်းဟိန္ဒူဘုရားကျောင်း အဆောက်အအုံတစ်ခု ပြိုကျမှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးလူနာနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၇၃ ဦး အခက်အခဲကြုံတွေ့ခဲ့ရသည်။

အဆိုပါ မိသားစုဝင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါရပ်ကွက် ရွှေပြည်ဓမ္မာရုံတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအေးမင်းသူနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်နှင့် တာဝန်ရှိသူများ၊ ရှေးဟောင်းဟိန္ဒူဘုရားအဆောက်အအုံ အတွင်းနေထိုင်ကြသည့် အိမ်ထောင်စု ၂၁ စုမှ အိမ်ထောင်ဦးစီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ထောက်ပံ့ပစ္စည်းများပေးအပ်ရခြင်းကို ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် အိမ်အသုံးအဆောင်ပစ္စည်း ၁၆ မျိုးပါ ပလတ်စတစ်ပုံး တစ်ပုံးစီနှင့် သေဆုံးတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်း၊ ဒဏ်ရာရ ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် လူဦးရေ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၇၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ စီ၊ စုစုပေါင်း ငွေကျပ် ၇၅၃၃၀၀ ကိုလည်းကောင်း၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ခေါက်ဆွဲခြောက် ၁၀ ထုပ်နှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီ တို့ကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် အိမ်ထောင်ဦးစီးများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၉၃)**

ဝ-ဝ-ဝ-ဝ-ဝ

## သူနာပြုတက္ကသိုလ်(မန္တလေး)တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် သူနာပြုတက္ကသိုလ်(မန္တလေး) ရှိ ၆ ထပ်ဆောင်ခန်းမတွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော လူငယ်များပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ်(မန္တလေး)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ် စကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် သူနာပြုတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာခင်ဝင်းစိန်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးခဲ့ပြီး အဆိုပါတက္ကသိုလ်မှ ဒုတိယနှစ်(သူနာပြုသိပ္ပံဘွဲ့)ကျောင်းသူ မဖူးပြည့်စုံက "လူငယ်နှင့် နည်းပညာ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယနှစ်(သူနာပြုသိပ္ပံဘွဲ့)ကျောင်းသူ မသက်စိုးစံက "လူငယ်နှင့် စာပေ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တတိယနှစ်(သူနာပြုသိပ္ပံဘွဲ့)ကျောင်းသား မောင်ရန်မျိုးအောင်က "လူငယ်နှင့် ယဉ်ကျေးမှု"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တတိယနှစ်(သူနာပြုသိပ္ပံဘွဲ့)ကျောင်းသူ မရွှေစုက "လူငယ်နှင့် ပရဟိတ" ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော သူနာပြုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ချမ်းမြေ့**



**ရပ်စောက်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၅၅၀၀၀၀ ဖြင့် ဆောင်ရွက်သည့် ရေသန့်စင်ကန်တွင် သဲလဲလှယ်ခြင်းလုပ်ငန်းအား တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းကျော်ခိုင်ထွန်း ယမန်နေ့က ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်နန်းဆုမြတ်ဇော်က ရှင်းလင်းတင်ပြစဉ်။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂ဓ၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ည်တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

*ရှေ့ဖုံးမှ*

ဦးစွာ စစ်တက္ကသိုလ် နဝဒေးခန်းမ၌ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် ပြင်ဦးလွင်တပ်နယ်မှူးတို့က ပြင်ဦးလွင်တပ်နယ်အတွင်း လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြင်ဦးလွင်တပ်နယ်အနေဖြင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်နယ်အတွင်း နယ်မြေစည်းရုံးရေးလုပ်ငန်းများနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိမိတို့တာဝန်ထမ်းဆောင်ရသည့်နယ်မြေအလိုက် ဒေသ၏ နယ်မြေဒေသအခြေအနေများ၊ ဒေသဆိုင်ရာအချက်အလက်များကို ခြေခြေမြစ်မြစ်သိရှိထားရမည်ဖြစ်ကြောင်း၊ နယ်မြေခံတပ်များနှင့် ဒေသခံများ တစ်သားတည်းဖြစ်နေရမည်ဖြစ်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နယ်မြေလုံခြုံရေး၊ ဒေသခံများ၏လုံခြုံရေးကို အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ည်တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဈေးပတ်လမ်းနှင့် ယာဉ်ရပ်နားရန်နေရာများ၊ ဓာတ်လှေကားများ၊ ရိုးရိုးလှေကားများ၊ ထည့်သွင်းဆောင်ရွက်ထားမှု၊ အများပြည်သူသုံး အဆောက်အဦဖြစ်သဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိမှု၊ အထပ်အလိုက် ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး စာမျက်နှာ ၄ သို့

> “ ယခုအဆင့်မြင့်ဈေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီဈေးတစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ် ”





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာဈေး(ည်တောဈေး) ခြောက်ထပ်အဆင့်မြင့် ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။

စာမျက်နှာ ၃ မှ

လျာထားဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်းနေရာများ၊ ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆိုလာပြားများတပ်ဆင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စံပြဈေးဖြစ်ရမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက်ကောင်းမွန်စေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စားသောက်ဆိုင်ခန်းများထားရှိမည့်အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ/မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဓာတ်လှေကားစနစ်တွင် လျှပ်စစ်ဓာတ်မပြတ်တောက်စေရေးသည် အရေးကြီးသဖြင့် ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး ဆိုလာစနစ်ဖြင့်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ယခုအဆင့်မြင့်ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စံပြဈေးဖြစ်ရမည်ဖြစ်ကြောင်း၊ ဒေသထွက်အသားများ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကိုလည်း စနစ်တကျထုပ်ပိုး၍ ထည့်သွင်းရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပွဲတော်ရာသီများ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်ချိန်၌ ယာဉ်များ စနစ်တကျရပ်နားနိုင်ရေး၊ စားသောက်ဆိုင်များ စနစ်တကျဖွင့်လှစ်နိုင်ရေး၊ ဆိုင်ခန်းများ စနစ်တကျရှိစေရေး ကြိုတင်တွက်ချက်ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်းအတွင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စာမျက်နှာ ၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၄ မှ*

ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ (အောက်ပုံ)

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်



အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ရွှေတိုက်တန်းကျေးရွာ စိန်ရတနာကျောင်းတိုက်နှင့် နန္ဒင်းအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ကျေးရွာများရှိစာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့နယ်အတွင်းရှိ ရေကြီးမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အနောက်ဆင်ရွာကျေးရွာ၊ ရွှေလှေးတောကျေးရွာအနီး တာတမံဆည်ပေါင်များ ကျိုးကျနေမှု အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျေးရွာများရှိ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့အတွင်း စက်ယန္တရားကြီးများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ရန်ကုန် - မန္တလေး လမ်းဟောင်းပေါ်ရှိ တံတားများတွင် ပိတ်ဆို့နေသည့် အမှိုက်သရိုက်များကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဒဂုံစတားယူနိုက်တက်ကို ဂိုးပြတ် အနိုင်ယူခဲ့သည့် သစ္စာအားမာန်

**နေပြည်တော် စက်တင်ဘာ ၂၄**

MNL(U-20)Youth League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ(Week-15)ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက စလင်းကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး သစ္စာအားမာန်အသင်းက လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ပွဲချိန် ၃၁ မိနစ်တွင် စောမင်းခန့်နိုင်၊ ပွဲချိန် ၄၀ မိနစ်တွင် ရဲမျိုးအောင်၊ ပွဲချိန် ၇၁ မိနစ်တွင် ဇင်ဖြိုးပိုင်၊ ပွဲချိန် ၈၈ မိနစ်တွင် ဇော်ဝင်းထက်တို့က အသီးသီးသွင်းပေးခဲ့ကြသည်။

ငါးပွဲမြောက်နိုင်ပွဲရခဲ့သည့် သစ္စာအားမာန်အသင်းသည် ရမှတ် ၂၀ မှတ်ရရှိခဲ့ပြီး အဆင့် ၆ တွင် ဆက်လက်ရပ်တည် နိုင်ခဲ့သည်။ ယနေ့ပွဲတွင် ရှုံးခဲ့သည့် ဒဂုံစတားယူနိုက်တက်အသင်းသည် ရမှတ် ၂၅ မှတ်ဖြင့် အဆင့် ၄ တွင် ဆက်လက်ရပ်တည်နေသည်။

(NGB)

0-0-0-0-0







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) စစ်လက်ရုံးရွေးချယ်ပွဲနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲတို့သို့ သီးခြားစီ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ စာမျက်နှာ ၇ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇)မှ ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသနေသော ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက် နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအတွက် နေ့လယ်စာ အာဟာရနှင့် ဆေးရုံအတွက် အလှူငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ ဆေးကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၆ မှ*

တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာတို့တွင်ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့်သင်တန်းကာလတစ်လျှောက် ကြိုးစားအားထုတ်မှု ရလဒ်များအပေါ် မူတည်၍ ၎င်းတို့နှင့်သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ပညာတန်ဆောင် ဗိုလ်လောင်းစားရိပ်သာတို့၌ သင်တန်းသားဗိုလ်လောင်းများနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းပေးသည်။

စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသပေးထားမှုများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ ၎င်းတို့၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက်အလှူငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။ ထို့နောက် သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ နယ်မြေခံ တပ်မတော်ဆေးရုံသို့ရောက်ရှိပြီး သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက် လှူဒါန်းငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်းနှင့် အာဟာရဌာနခွဲ၌ အရာရှိ၊ စစ်သည်များ၏ နေ့လယ်စာအာဟာရ သုံးဆောင်နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## AYABank Mandalar Futsal League 2024 ပြိုင်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး၊ သဲသောင်ပြင်နှင့် ဖူဆယ်ဆပ်ကော်မတီမှ ကျင်းပမည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲကျင်းပရန် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၂၃ ရက် နံနက် ၁၀ နာရီက ကော်မတီရုံးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုနှင့်ကော်မတီဝင်များ၊နည်းပြအဖွဲ့ဝင်များ၊ဒိုင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ အသင်း၁၀သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး တစ်ပတ်လျှင် ၂ ရက်(ဗုဒ္ဓဟူးနှင့်တနင်္ဂနွေနေ့)များတွင် ကျင်းပမည်။ ပြိုင်ပွဲဝင်လျှောက်လွှာများကိုM2K Sports Complexရှိ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဆပ်ကော်မတီရုံးခန်းတွင်ထုတ်ယူနိုင်ပြီး ပြိုင်ပွဲဝင်ကြေးအဖြစ် ကျပ် သုံးသိန်းနှင့် အာမခံကြေးကျပ် ငါးသိန်း သတ်မှတ်ထားသည်။ ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ကစားသမားစာရင်းကိုစက်တင်ဘာ ၃၀ ရက်တွင် တင်သွင်းရမည်ဖြစ်ပြီး မန်နေဂျာအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်။

ဆုကြေးအဖြစ်ပထမဆုချန်ပီယံဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း၃၀၊ ဒုတိယဆုတစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း၂၀၊ တတိယဆု၊ တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုကြေးငွေကျပ်၁၀သိန်း၊ အသန့်ရှင်းဆုံးအသင်းဆု ဆုကြေး ငွေကျပ် ငါးသိန်း၊ အကောင်းဆုံးကစားသမားဆုနှစ်သိန်းကျပ်၊ အကောင်းဆုံးဂိုးသမားဆုနှစ်သိန်းကျပ် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(၀၄၅)

* စာမျက်နှာ ၂၄ မှ

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကရုဏာ အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကော်မတီဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် "သဘာဝဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမည်" Video Clip နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကို လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုမှတ်တမ်းများကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများက ဒုက္ခပ္ပတ္တာ စနိဒ္ဒုက္ခာ-ဂါထာနှင့် သဗ္ဗီတိယော ဝိဝဇ္ဇန္တု-ဂါထာတော်တို့ဖြင့် မေတ္တာပြုတော်မူကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက အလှူတော်ငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ သံဝေဂကထာနှင့် ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အလှူငွေများပေးအပ် လှူဒါန်းရာ သီတဂူဆရာတော်ကြီး လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ဆရာတော်ကြီးကိုယ်စား ကပ္ပိယကာရကမှ ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ဆက်ကပ်သည်။

ယင်းနောက် ကွန်းခိုရာကုမ္ပဏီမိသားစုက အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့် သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားရာတွင် ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံများနှင့် စာသင်ကျောင်းများတွင် ရေဝင်နစ်မြုပ်ခဲ့ပါကြောင်း၊ ထို့ပြင် လူဦးရေ တစ်သိန်း လေးသောင်းကျော်ရေဘေး ဒုက္ခရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းအထိ စာရင်းများ အရ ၄၁၉ ဦး သေဆုံးခဲ့ရပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး ၂၅၃ ကျောင်းနှင့် လမ်းတံတား ၉၂၆ ခု ရေမျောပျက်စီးခဲ့သည့်အပြင် လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များလည်း များစွာပျက်စီးခဲ့ပါကြောင်း၊ အလားတူ တိရစ္ဆာန် တစ်သိန်းကျော် သေဆုံးခဲ့ပြီး စပါးစိုက်ဧက ခုနစ်သိန်း ငါးသောင်း ကျော် ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၃၀ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အလှူငွေပေးအပ်ပွဲတွင် စေတနာရှင် အလှူရှင်များက ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ထိုသို့ လှူဒါန်းမှုသည် နိုင်ငံတော်အတွင်းတွင်ရှိကြသည့် စေတနာရှင်၊ အလှူရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သဒ္ဓါတရား ထက်သန်မှုကို တွေ့မြင်ရပါကြောင်း၊ အဆိုပါအလှူငွေများကိုလည်း သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ အမြန်ဆုံးပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေဘေးသင့်ဒေသများ၌ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ အောက်တိုဘာလအတွင်း အမြန်ဆုံးဖြစ်နိုင်သည့် နေရာမှန်သမျှ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည်များကို စီမံဆောင်ရွက်လျက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် ပညာရေးအဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း။

ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအချို့၌ ရေလွှမ်းမိုးမှုများ ရှိခဲ့မှုအပေါ် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်နှင့်အညီ ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပေးခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သောကြောင့် ယခုမိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းခဲ့ခြင်းဖြစ်ကြောင်း၊ စာမျက်နှာ ၉ သို့ *

* ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံများနှင့် စာသင်ကျောင်းများတွင် ရေဝင်နစ်မြုပ်ခဲ့

* လူဦးရေ တစ်သိန်း လေးသောင်းကျော် ရေဘေးဒုက္ခရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းအထိ စာရင်းများအရ ၄၁၉ ဦး သေဆုံးခဲ့ရ

* ဘာသာရေးနှင့်ပတ်သက်ပြီး ၂၅၃ ကျောင်းနှင့် လမ်းတံတား ၉၂၆ ခု ရေမျောပျက်စီးခဲ့သည့်အပြင် လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များလည်း များစွာပျက်စီးခဲ့

* တိရစ္ဆာန် တစ်သိန်းကျော် သေဆုံးခဲ့ပြီး စပါးစိုက်ဧက ခုနစ်သိန်း ငါးသောင်းကျော် ပျက်စီးဆုံးရှုံးခဲ့



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကရုဏာအလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်လာစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီတဂူဆရာတော်ကြီး လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ဆရာတော်ဘုရားကိုယ်စား ကပ္ပိယကာရကထံမှ လက်ခံရယူစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကွန်းခိုရာကုမ္ပဏီမိသားစုထံမှ အလှူတော်ငွေကျပ် သိန်း ၁၀၀၀ ကို လက်ခံရယူစဉ်။

* စာမျက်နှာ ၈ မှ

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်ပေါင်း ၁၀၆ ကန် အနက် ရေကန် ၉၁ ကန်တို့ကို ပြန်လည်တူးဖော်ထိန်းသိမ်းခဲ့ရာ တူးဖော်ပြီး ၂၈ ကန်၊ ဆောင်ရွက်ဆဲ ၉ ကန်၊ ဆက်လက်တူးဖော်ထိန်းသိမ်းဆောင်ရွက်ဆဲ ရေကန် ၄၇ ကန် ဖြစ်ပြီး ရေကန်များကို ရဟန်းရှင်လူပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အနည်းငယ်သာ ပျက်စီး**

ယခုကဲ့သို့ ရေကန်များ တူးဖော်ထိန်းသိမ်းခြင်း၊ ရေလမ်းကြောင်း သုံးကြောင်း ဖော်ထုတ်တူးဖော်ခြင်းတို့ကြောင့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှု အန္တရာယ်မှ ကင်းလွတ်ခဲ့ပြီး ပုဂံရှေးဟောင်းဘုရားနှင့် သာသနိကအဆောက်အအုံ ၁၁ ခု၌ ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ပျက်စီးခဲ့ပါကြောင်း။

ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများကို သီတဂူဆရာတော်ကြီး အနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ အားလည်းကောင်း၊ ကွန်းခိုရာ ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းသည့်အတွက်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ကလည်း ဝမ်းမြောက်နမော် သာဓုခေါ်မည်သာ ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများ သက်တော်ရာကျော် ရှည်တော်မူပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ဆတက်ထမ်းပိုးဆောင်ရွက်တော်မူနိုင်ပါစေကြောင်းနှင့် အလှူရှင်မိသားစုများလည်း ကျန်းမာချမ်းသာပါစေကြောင်းဖြင့် လျှောက်ထားတင်ပြသည်။



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်များကို ကြည့်ရှုစဉ်။

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ ရေစက်ချတရား နာယူကြရာ ဆရာတော်ကြီးနှင့် ကွန်းခိုရာ ကုမ္ပဏီမိသားစုက လှူဒါန်းသည့် အလှူတော်ငွေများအပါအဝင် စက်တင်ဘာ ၂၁ ရက်တွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ လှူဒါန်းခဲ့ကြသည့် အလှူရှင်များ အပါအဝင် နိုင်ငံရပ်ခြားမှ အလှူရှင်များ အတွက် ရည်ရွယ်လျက် ကရုဏာအလှူတော်ကုသိုလ် အဖြစ်လည်းကောင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်းကာလ အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မိုးရွာသွန်းမှုများပြားလျက် ရေကြီးရေလျှံတောင်ပြိုခြင်း ဒုက္ခဒဏ် ခံစားခဲ့ရပြီး အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့ရသူများအပေါင်းတို့အား ကျွတ်လွတ်ပါစေခြင်း အကျိုးငှာ ဖိတ်ခေါ်လျက်လည်းကောင်း မေတ္တာပို့သခြင်း၊ သာဓုခေါ်ဆိုနိုင်စေခြင်းငှာ ရေစက်ချ အမျှပေးဝေခြင်းများစသည့် ကရုဏာအလှူတော် ကုသိုလ်ကောင်းမှုဆောင်ရွက်ပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ရာဂီတိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများ၏ မိသားစုဝင်များထံ နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများ ပေးအပ်




ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်ဦးလျှင် ငွေကျပ် ငါးသိန်းကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်စဉ်။




ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦးအတွက် နေပြည်တော်ကောင်စီမှ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

ရာဂီတိုင်ဖွန်း မုန်တိုင်းနှင့် ဆက်စပ် ရေဘေးဖြစ်ပွားမှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ မြို့နယ်ပေါင်း ၅၄ မြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့် မြစ်ရေများအဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ ရပ်ကွက်ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာနအဆောက်အအုံ၊ စာသင်ကျောင်း၊ အခြားအဆောက်အအုံများအား ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါ မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူအပါအဝင် ထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုများအပေါ် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ အမြန်ဆုံးပေးအပ်နိုင်ရေး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်တင်ဘာ ၁၇ ရက်တွင် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် လမ်းညွှန်ခဲ့မှုအရ သေဆုံး၊ ဒဏ်ရာရရှိသူများအနက် သေဆုံးသူများကို ဦးစားပေးအဖြစ် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အလှူရှင်များက ထောက်ပံ့ငွေများ ထောက်ပံ့ ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မုန်တိုင်းနောက်ဆက်တွဲဒဏ်ကြောင့်သေဆုံးခဲ့သည့်သူများအနက် ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦး၊ ပျဉ်းမနားမြို့နယ်မှ သေဆုံးသူ ခုနစ်ဦး၊ ဇေယျာသီရိမြို့နယ်မှ သေဆုံးသူလေးဦးတို့အား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငါးသိန်းကျပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သုံးသိန်းကျပ်နှင့် နေပြည်တော်ကောင်စီမှ နှစ်သိန်းကျပ်၊ စုစုပေါင်း သေဆုံးသူ တစ်ဦးလျှင် ၁၀ သိန်းကျပ်နှုန်းဖြင့် ၂၂ ဦးတို့၏ မိသားစုဝင်များ လက်ဝယ်သို့ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့သည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မုန်တိုင်းဒဏ်ကြောင့် သေဆုံးခဲ့သူများ၏ မိသားစုဝင်များထံသို့လည်း ဆက်လက်ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုအခြေအနေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှု အခြေအနေများအပေါ် မူတည်၍လည်း လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့ စုပေါင်းသွေးလှူပွဲကျင်းပ

**ဝမ်းတွင်း စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှ မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူအကျိုးပြု စုပေါင်းသွေးလှူခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းခြင်းကို ဝမ်းတွင်းမြို့နယ် ရဲတပ်ဖွဲ့မှ အရာရှိငါးဦး၊ အခြားအဆင့် ၁၂ ဦး၊ မိသားစုဝင်တစ်ဦး စုစုပေါင်း ၁၈ ဦးက အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းခဲ့ကြသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်တို့အား မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်း၊ ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်မြင့်တို့က ကြက်ဥ၊ Royal Dနှင့် သွေးအားတိုးဆေးများ ပေးအပ်ခဲ့ပြီး မိတ္ထီလာသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာ ပြုံးဇာခြည်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပင်လောင်းမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်

ဟိုပုံး စက်တင်ဘာ ၂၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။**



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ မင်္ဂလအားဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ အလှူတော်ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးနှင့်ကြုံတွေ့ရသည့် ပြည်သူများ၏ ဆုံးရှုံးမှုများကို အမြန်ပြန်လည်ထူထောင်ပေးမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်နိုင်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး အဓိကဆောင်ရွက်ရမည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအတွက် ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။ (အောက်ပုံ)

**ရေဘေးသင့်မှုအခြေအနေတင်ပြ**

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် သုံးမြို့နယ်၏ ရေဘေးသင့်မှုအခြေအနေများကို တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ ကို ပေးအပ်ရာ ခေတ္တမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း၊ (PNO)အဖွဲ့ အတွင်းရေးမှူးချုပ် ဦးခွန်သိန်းဖေက ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်ရာ မြို့မိမြို့ဖ တစ်ဦးကလည်းကောင်း လက်ခံရယူသည်။

**စက်ရုံလည်ပတ်နေမှုကြည့်ရှု**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် နောင်တရားအာလူးအအေးခန်းနှင့် နောင်တရားသဘာဝမြေဩဇာစက်ရုံ လည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နောင်တရားသဘာဝမြေဩဇာစက်ရုံ ဧည့်ခန်းမဆောင်တွင် ဒေသခံများနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်းများ၊ လမ်းများ၊ တံတားများနှင့် ကျန်းမာရေးဆေးပေးခန်းများကို စာရင်းကောက်ယူပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ဒေသအလှူရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက လိုအပ်သည်များကို တင်ပြဆွေးနွေးရာ ပြည်နယ်အဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဒေသခံများ၏တင်ပြချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပြန်လည်ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် နောင်မူဒေသ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၅၀ နှင့် နောင်တရားဒေသ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း (အပေါ်ပုံ)၊ ဒေသခံအလှူရှင်များဖြစ်သည့် အောင်ပန်းမြို့ CB ဘဏ်မှ ငွေကျပ်သိန်း ၅၀၊ နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၂၃၀ ကို ပေးအပ်ရာ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီနှင့် ဒေသခံများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ပါရန် သတိပေးနိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မတ္တရာမြို့နယ် ကုန်းတန်းလေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကုန်းတန်းလေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




**ဖြစ်စဉ်အမှန်**

ဖြစ်စဉ်အမှန်မှာ ကုန်းတန်းလေးရွာတွင် အကြမ်းဖက်သမားများက ပြည်သူများကိုခြိမ်းခြောက်၍ အတင်းအဓမ္မ ဆက်ကြေးကောက်နေပြီး နေအိမ်အချို့နှင့် ကျေးရွာအတွင်းရှိ အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ထားရှိကြောင်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ် မဖြစ်ပွားစေရေးအတွက် မိုင်းများအား သွားရောက်ရှင်းလင်း ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက Drop ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ ဗုံးသီးများသည် နေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲရာမှ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မဟုတ်မမှန်လုပ်ကြံရေးသား**

ယင်းဖြစ်စဉ်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်စခန်းများကို လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

# သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မီးပုံးရုပ်များ ယခုနှစ် မန္တလေးဈေးကွက်တွင် အဓိကထား ရောင်းချ

**မန္တလေး စက်တင်ဘာ ၂၄**

နှစ်စဉ်ကျင်းပလေ့ရှိသည့် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မီးပုံးရုပ်များကို မန္တလေးမြို့မှ အနယ်နယ် အရပ်ရပ်သို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် နယ်မြို့များသို့ တင်ပို့နိုင်ခြင်းမရှိသောကြောင့် မန္တလေးမြို့ပေါ်ဈေးကွက်ကိုသာ အဓိကထား ရောင်းချရသည်။

ယခင်နှစ်များက မန္တလေးအနီး ပတ်ဝန်းကျင်နှင့် ရှမ်းပြည်နယ်လားရှိုး၊ မူဆယ်မြို့များသို့ အများဆုံးတင်ပို့ရောင်းချရပြီး ယခုနှစ်တွင် နယ်ဒေသများသို့ တင်ပို့နိုင်ခြင်းမရှိကြောင်း မီးပုံးရုပ်များ နှစ်စဉ်ပြုလုပ်ရောင်းချသူ မန္တလေးမြို့မှ ဒေါ်စန်းယုလှိုင်က ပြောသည်။

"နယ်တွေမှာ ရေကြီးတာတွေဖြစ်တော့ မပို့ရတော့လို့ ဒီနှစ် ဈေးကွက်က မကောင်းဘူးလို့ ပြောရမယ်။ အရင်နှစ်တွေတုန်းက အမျိုးအစား ၁၇မျိုးလောက်ရှိပြီး ဒီနှစ်မှာ ၁၁ မျိုးဆိုတော့ လျှော့လုပ်တာပါ။ နယ်တွေက အမှာမရှိတော့လို့ မန္တလေးဈေးကွက်ကို အားကိုးရမှာပါ။ ခုရက်ပိုင်းမှ မြို့ထဲက အမှာတွေဝင်လာပြီး အဝယ်လိုက်လာတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မီးပုံးရုပ်များပြုလုပ်သည့် ကုန်ကြမ်းဈေးမြင့်တက်လာသော်လည်း အများစုဝယ်ယူနိုင်ရန် ယခင်နှစ် လက်ကားဈေးထက် ငွေကျပ် ၃၀၀ခန့် ဈေးမြှင့်ရောင်းချကြောင်း၊ ပြုလုပ်ရောင်းချသည့် မီးပုံးရုပ်များမှာ ယုန်ရုပ်၊စာကလေး၊ လိပ်ပြာ၊ မော်တော်ကား၊ သင်္ဘောစသည်တို့ဖြစ်ပြီး ယခုနှစ်တွင် မီနီအိုးဝေကား၊ မီးရထားခေါင်းနှင့်ရထားတွဲတို့ကို အမျိုးအစားအသစ်အဖြစ် ပြုလုပ်ရောင်းချသည်။ (အောက်ပုံ)

"ကုန်ကြမ်းက တရုတ်က လာတဲ့ မှန်ရောင်စက္ကူကို သုံးရတာဆိုတော့ လမ်းပိုင်းမကောင်းလို့ ဒီနှစ်မှာ ဈေးတက်သွားတယ်။ ကျန်မတို့ဆီကဝယ်ပြီး ပြန်ရောင်းသူတွေရော၊ ကလေးတွေအတွက် ဝယ်ကြတဲ့သူတွေရော အဆင်ပြေအောင် အမြတ်ကို ငွေကျပ် ၂၀၀ လောက်ပဲ တင်ရောင်းတာပါ။ မီးပုံးအရုပ်တစ်ခုကို အနည်းဆုံး ငွေကျပ် ၁၂၀၀ကနေ အများဆုံး ၈၀၀၀ ကျော်လောက်ထိ ရှိပါတယ်။ အရွယ်အစားက အမျိုးမျိုးရှိတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓဘုရားရှင်အား ဆီမီးများ၊ ရောင်စုံမီးပုံးများဖြင့် မီးထွန်းညှိပူဇော်ရာမှ ကလေးများအတွက် မီးထွန်းရုပ်များ ရောင်းချလာသည်မှာ နှစ်ပေါင်း ၆၀ ဝန်းကျင်ရှိခဲ့ပြီး မန္တလေးမြို့မှ အများဆုံးပြုလုပ်ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**





## တန်ဖိုးမြင့်စားသောက်ကုန် (Bakery) ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများအားအခြေခံ၍ တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန်၊ ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန်၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်၍ မိသားစုဝင်ငွေတိုးစေရန် ရည်ရွယ်၍ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းအား စက်တင်ဘာ ၂၃ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၈၂လမ်းနှင့်၂၅လမ်းထောင့်ရှိ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအားပြောကြားခြင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်စိုးနိုင်နှင့် မုန့်လုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ ဦးပြေသိန်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး တက်ရောက်လာသူများနှင့် သင်တန်းသား၊ သင်တန်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ဦး တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**

## အ.ထ.က ပုသိမ်ကြီး၌ လူငယ်စကားဝိုင်း ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၃ရက် နံနက် ၁၀နာရီ အ.ထ.က ပုသိမ်ကြီးရှိ အောင်ဇမ္ဗူခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခေတ္တမြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဇင်မင်းထွန်းက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် အ.ထ.က ပုသိမ်ကြီး Grade -10, Grade -11 တို့မှ ကျောင်းသား၊ ကျောင်းသူလေးဦးတို့က လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာပေဟူ၍ ခေါင်းစဉ်တို့ဖြင့် ပြောကြားခဲ့သည်။ ဦးဆောင်ဆွေးနွေးသူအဖြစ် ဒုဦးစီးမှူး ဒေါ်ဖြိုးမမက ဆောင်ရွက်ပေးခဲ့ကြသည်။




အဆိုပါစကားဝိုင်းတွင် ပါဝင်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ခဲ့ကြသည်။ လူငယ်စကားဝိုင်းသို့ မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၂၄၀ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) (၀၉၅)**

## ငဖဲမြို့နယ်၌ မိုးစပါးစိုက်ဧက ၁၀၂၀၀ စိုက်ပျိုးပြီးစီး

**ငဖဲ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၌ ၂၀၂၄ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် ၉၃၅၆ဧက လျာထားခဲ့ရာ ယနေ့ထိ မိုးစပါးစိုက်ဧက ၁၀၂၀၀ စိုက်ပျိုးပြီးစီးပြီး လျာထားချက်ထက် ၆၆၄ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးပြီးစီးသည့် စပါးမျိုးကွဲအလိုက် စိုက်ဧကမှာ မနောသုခ ၃၀၂၉ဧက၊ ဆင်းသုခ ၂၂၄၁ဧက၊ ဧရာမင်း ၄၃၅၆ဧက၊ ကောက်ညှင်း ၈၉ဧက၊ YSR-1 ၁၀ဧကနှင့် တောင်ယာ ၄၇၅ဧက စုစုပေါင်း ၁၀၂၀၀ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းကောင်းမွန်သည့် ဧရာမင်းစပါးမျိုးများကို ပိုမိုစိုက်ပျိုးကြကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် မိုးစပါး ၉၃၅၆ဧက လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းဧက ၉၃၅၆ဧကတွင် တစ်ဧကအထွက်နှုန်း ၈၃ ဒသမ ၀၃ တင်း ထွက်ရှိခဲ့သည်။

မိုးစပါးစိုက်ပျိုးရန် ရေကို အစိုးရဆည်များဖြစ်သော မန်းချောင်း ရေလှောင်တမံဆည်မှ ၃၂၀၆ဧက၊ ရင်းရှည်ရေလှောင်တမံဆည်မှ ၅၄၂ဧက၊ ဆည်ငယ်၊ ကန်ငယ်များမှ ၄၇၅၁ဧက၊ မိုးကောင်းသောက် ၁၂၂၆ဧကနှင့် တောင်ယာစိုက်ဧက ၄၇၅ဧကများသို့ စိုက်ပျိုးရေရရှိ၍ စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ငဖဲမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ကူညီထောက်ပံ့ပေးခြင်း ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း သက်ဆိုင်ရာဌာနများမှ ကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

**(ဝဲပုံ) မယု(ငဖဲ)**



## သရက်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအထောက်အကူပြုအဖွဲ့ အစည်းအဝေးကျင်းပ

**သရက် စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအထောက်အကူပြုအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းနားတွင် ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ဒေါက်တာညွန့်ရွှေအောင် (ဆေးရုံအုပ်)မှ သရက်ခရိုင်ပြည်သူ့ဆေးရုံ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများမှ ဆွေးနွေးမှုအပေါ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်မှာကြားပေးပြီး သရက်ခရိုင်ပြည်သူ့ဆေးရုံ အထူးကုပြင်ပလူနာဌာနသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)ဇော်ထက်(သရက်)**



## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ သဘာဝဆိုးဆေးနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားရသည့်လူငယ်လူရွယ်များ၊ ရက်ကန်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လိုသည့် လူငယ်များအား ရက်ကန်းပညာနှင့် ဆက်စပ်လျက်ရှိသော ပညာရပ်များ အခမဲ့သင်ကြားပေးလျက်ရှိရာ သက်မွေးပညာအထောက်အကူပြု ကာလတိုသင်တန်းဖြစ်သည့် သဘာဝဆိုးဆေးနည်းပညာသင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၁၅ဦးဖြင့် အောင်မြင်စွာဖွင့်လှစ်ခဲ့သည်။

သဘာဝဆိုးဆေးနည်းပညာသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ကြီးက သဘာဝဆိုးဆေးသင်တန်းသည် ရက်တိုသင်တန်းဖြစ်သဖြင့် ကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ အမှန်တကယ်တတ်မြောက်သည့် တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များ ဖြစ်လာပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၅)

## သင်းတွဲမြောင်းတွင် မြောင်းပေါင်ရေတိုက်စားခြင်းမှကာကွယ်စေရန်နှင့် မြောင်းဆုံး မြောင်းဖျားအထိ စိုက်ပျိုးရေပေးနိုင်ရေး Spill in အဆောက်အအုံတစ်ခုအား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်သည် ဆည်၊ မြောင်း၊ ချောင်း၊ ကန် ပေါများသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်အတွက် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ သင်းတွဲမြောင်းတွင် မြောင်းပေါင်ရေတိုက်စားခြင်းမှ ကာကွယ်စေရန်နှင့် မြောင်းဆုံး မြောင်းဖျားအထိ စိုက်ပျိုးရေပေးနိုင်ရေး Spill in အဆောက်အအုံတစ်ခုအား ပြန်လည်ပြုပြင်ပေးခဲ့သည်။



အဆိုပါ Spill in အဆောက်အအုံသည် ကျောက်ဆည်မြို့နယ် ပြည်တော်သာကျေးရွာအနီး သင်းတွဲမြောင်း၏ ပေတိုင်အမှတ် (၆+၀၅၀)တွင် တည်ရှိပြီး အဆောက်အအုံ၏ ဝဲဘက်နှင့် ယာဘက်ရှိ ကျောက်စလစ်များသည် မိုးတွင်းကာလ မိုးရေများစွာစီးဆင်း၍ မြေသားပေါင်များ ရေတိုက်စားမှုကြောင့် ပျက်စီးနေခြင်း၊ ရေဝင်လမ်းကြောင်းထိပ် မျက်နှာချင်းဆိုင် မြောင်းပေါင်အား ရေတိုက်စားသဖြင့် မြောင်းပေါင်ကျိုးပေါက်ပျက်စီးခြင်းမှကာကွယ်ရန် ကုန်ကျငွေကျပ် ၂၃ ဒသမ ၀၀ သန်း အကုန်အကျခံကာ အဆောက်အအုံ၏ အထက်ဘက်ဝဲဘက် R/W(၈၈)ပေ၊ Structure အထက်၊ အောက် လိုင်နင် ၂၅ ပေ၊ Structure အဝင် လိုင်နင် ၂၅ပေ၊ အကျယ် ၁ ဒသမ ၅ပေ၊ အမြင့် ၆ပေ ပြုပြင်ပေးခဲ့သည်။

Spill in အဆောက်အအုံသည် ပြန်လည်ပြုပြင်ပေးသည့်အတွက် သီးနှံမျိုးစုံ ၄၈၉၀ဧကအတွက် စိုက်ပျိုးရေများ လိုအပ်သလို ပေးဝေနိုင်ပြီဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တောင်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေ ပေးဝေနေသည့် ရေကျအဆောက်အအုံများ၊ မြောင်းများ၊ ရေပြွန်များ၊ ရေတံခါးများအား ဘဏ္ဍာနှစ်အလိုက် ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။ (၄၈၅)

## မိတ္ထီလာမြို့နယ် မကျီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် မကျီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာနှစ်တွင် ကြွယ်ကန်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၇၀ သန်းတို့ဖြင့် အရှည် ပေ ၆၆၀၊ အကျယ် ၁၂ပေ၊ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဩဂုတ် ၉ရက်မှ စတင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး ကျေးရွာသူ၊ကျေးရွာသားများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိရာ ၎င်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်းအား နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေကျပ်၂၅၅သန်း၊ပြည်သူထည့်ဝင်ငွေကျပ် သန်း ၉၁ ဒသမ ၃၀၊ စုစုပေါင်း ၃၄၆ ဒသမ ၃၀ သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ(၁၇)ရွာအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ)(၄၆၉)



## ယခုနှစ်ထောပတ်သီးရာသီတွင် ပြည်ပသို့တင်ပို့ရန် အခြေအနေနည်းပါး

**ပြင်ဦးလွင် စက်တင်ဘာ ၂၄**

၂၀၂၄ခုနှစ် ထောပတ်သီးရာသီတွင် ထွက်နှုန်းလျော့နည်းသည့်အပြင် သယ်ယူပို့ဆောင်ရေးနှင့် တင်ပို့မှုစရိတ်ကြီးမြင့်သောကြောင့် ပင်လယ်ရေကြောင်းဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် အခြေအနေနည်းပါးကြောင်း မြန်မာနိုင်ငံ၊ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ထောပတ်သီးမှာ ပြည်ပဝယ်လိုအားများပြားပြီး ဝယ်ယူရန်ကမ်းလှမ်းသည့် နိုင်ငံများရှိသော်လည်း ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ထုပ်ပိုးသိုလှောင်မည့် အခြေခံအဆောက်အအုံများ မရှိသေးသဖြင့် ကမ္ဘာ့ဈေးကွက်ဝယ်လိုအားရှိသလောက် တင်ပို့နိုင်ခြင်းမရှိသေးဟု ဆိုသည်။

"ထောပတ်သီးက ပြည်ပကို မသွားနိုင်လောက်ဘူး။ ပင်လယ်ရေကြောင်းနဲ့သွားတဲ့အခါ ကုန်ကျစရိတ်များတယ်။ ကွန်တိန်နာအလုံးရေ ၂၀လောက်သွားနိုင်ရင် သဘော်တင်ဖို့ ကွန်တိန်နာတွေ ကြိုဝယ်လို့ရတယ်။ ဈေးသက်သာမယ်။ သွားခါနီးမှဝယ်ရင် တစ်ကီလိုကို သုံးဒေါ်လာလောက်ပေးရတယ်။ ဥပမာ-ကြိုဝယ်တဲ့အခါ တစ်ကျပ်လောက်ကျရင် နီးမှဝယ်တော့ နှစ်ကျပ်လောက် ကျသွားပြီး အခြားစရိတ်တွေနဲ့ပေါင်းရင် တွက်ခြေမကိုက်ဘူး" ဟု ၎င်းက ပြောသည်။

ပုံမှန်အားဖြင့် ထောပတ်သီး Export ရာသီမှာ ဒီဇင်ဘာလတွင် စတင်ခြင်းဖြစ်၍ ယခုနှစ်စိုက်ပျိုးရာသီတွင် မိုးများခြင်းကြောင့် မှိုရောဂါများ ဖြစ်ပွားခြင်းနှင့် သွင်းအားစုများ ဈေးမြင့်ခြင်းကြောင့် အပင်အတွက် လိုအပ်သော အစာကို အပြည့်အဝ မကျွေးနိုင်သဖြင့် အထွက်နှုန်းလျော့နည်းမည်ဖြစ်ပြီး စရိတ်ကြီးမြင့်မှုများကြောင့် ပြည်ပတင်ပို့မှု အခြေအနေနည်းပါးနိုင်သည်။

(အောက်ပုံ)

"မိုးများတော့ မှိုရောဂါဖြစ်လို့ တချို့ဒေသမှာ ထွက်နှုန်းက လေးပုံတစ်ပုံလောက် လျော့နိုင်တယ်။ ထောပတ်သီးထွက်ရှိမှုရဲ့ ၉၀ ရာခိုင်နှုန်းက ထိုင်းဘက်ကို သွားတယ်။ ဈေးကွက်သစ်အစားလမ်းဟောင်းအတိုင်း နယ်စပ်ဘက်ကနေ တင်ပို့ကြတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ထောပတ်သီးကို ဝယ်ယူရန် ဒူဘိုင်းနှင့် မလေးရှားနိုင်ငံတို့မှ ကမ်းလှမ်းမှုများရှိသော်လည်း ပင်လယ်ရေကြောင်းမှ တင်ပို့ရမည်ဖြစ်ရာ စရိတ်ကြီးမြင့်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်သည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့်ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



## ရှားမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရှား စက်တင်ဘာ ၂၄**

မိုးတွင်းကာလသို့ ရောက်ရှိလာပြီး ခြင်ပေါက်ပွားမှုမရှိစေရန် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှားမြို့နယ်တွင် ပြည်သူများ ပူးပေါင်းပါဝင်ကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့ နံနက် ၇နာရီက ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်တို့၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရှားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဝန်ထမ်းများ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံပြည်သူများ ပူးပေါင်း၍ပြည်သူ့ဆေးရုံ၌စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံ အတွင်း၊ အပြင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်း၊ အဆောက်အအုံများနှင့် ငြိနေသည့်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁၀)

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဝက်ခြံညှစ်မယ်ဆို လိုက်နာဖို့လိုတဲ့ အချက်များ



ဝက်ခြံပေါက်လာတဲ့အခါမှာ ပျောက်ချင်စိတ်(သို့မဟုတ်) အူယားတာကြောင့် ဆူထွက်နေတဲ့ ဝက်ခြံကို လက်နဲ့ညှစ်တာ ဖြစ်ဖြစ်၊ အချွန်(သို့မဟုတ်)ဝက်ခြံညှစ်တဲ့ အတံနဲ့ညှစ်တာမျိုးတွေ လုပ်တတ်ကြပါတယ်။ ဝက်ခြံပျောက်ချင်စိတ်နဲ့ ဝက်ခြံညှစ်တဲ့ အခါမှာ သန့်ရှင်းရေးကို သေချာဂရုမစိုက်ဘူးဆိုရင် ဝက်ခြံက မပျောက်ဘဲ ရောင်ရမ်းပြီး ပိုဆိုးလာစေနိုင်ပါတယ်။

ဝက်ခြံညှစ်တော့မယ်ဆိုရင် ပထမဆုံးအရေးကြီးတာက ညှစ်မယ့်လက်က သန့်ရှင်းနေဖို့ အလွန်အရေးကြီးပါတယ်။ ဝက်ခြံညှစ်မယ်ဆိုရင် မျက်နှာကို သန့်ရှင်းရေး အရင်လုပ်ပြီးမှ ဝက်ခြံညှစ်သင့်ပါတယ်။ ဝက်ခြံကို လက်နဲ့ညှစ်တာထက် ဝက်ခြံညှစ်တဲ့အတံ (သို့မဟုတ်) အပ်ကို ပိုကောင်းပြီး အဲဒီအရာတွေကို ပိုးသတ်ထားဖို့ လိုအပ်ပါတယ်။ ညှစ်ပြီးသွားရင် ရောင်ရမ်းနေတာတွေကို သက်သာစေဖို့အတွက် ရေခဲနဲ့ပွတ်ပေးပါ။ ပြီးတော့ သန့်ရှင်းရေး သေချာလုပ်ပြီးရင် ဝက်ခြံလိမ်းတဲ့ဆေးတွေကို လိမ်းထားပေးပါ။ ဝက်ခြံညှစ်ပြီး ၂၄ နာရီအတွင်း မိတ်ကပ်မလိမ်းသင့်ပါဘူး။ ဝက်ခြံညှစ်မယ်ဆိုရင် အကောင်းဆုံးကတော့ မျက်နှာ Treatment လုပ်ပေးတဲ့ Spa နဲ့ အလှအပဆေးခန်းတွေမှာသွား လုပ်တာကတော့ စိတ်အချရဆုံးပါပဲ။။

**Daisy**

---



## နူးနူးညံ့ညံ့နဲ့ စတိုင်လ်ကျစေမယ့် အဖြူရောင်စကပ်ရှည် (White Maxi Long Skirt)

အမြဲတမ်း ဘောင်းဘီရှည်၊ ဂျင်း၊ စကပ်အတိုတွေဝတ်ရတာ ငြီးငွေ့နေလို့ပဲ ဖြစ်ဖြစ်၊ အတိုဝတ်ရတာ မကြိုက်တဲ့သူတွေအတွက် မိန်းကလေးဆန်ပြီး နူးညံ့သိမ်မွေ့ပြီး ဖက်ရှင်လည်းကျစေတဲ့ အဖြူရောင်စကပ်ရှည်(White Maxi Long Skirt) တွေကို ရွေးချယ်ဝတ်ဆင်ကြည့်ပါလို့ အကြံပြုချင်ပါတယ်။

အဖြူရောင်ဟာ လူတိုင်းနဲ့ လိုက်ဖက်တဲ့ အရောင်ဖြစ်တဲ့အပြင် ချည်သားနဲ့အဆင့်ဆင့်ပုံဖော်ချုပ်ထားတဲ့ စကပ်တစ်ထည်ဟာ မိန်းကလေးတိုင်း လိုက်ဖက်ပြီး ရုံးသွား၊ ကျောင်းသွား၊ အပြင်ထွက်လည်ရင်လည်း ဝတ်လို့ အဆင်ပြေတဲ့ ဖက်ရှင်တစ်မျိုးဖြစ်တာကြောင့် အဖြူရောင် ချည်စကပ်အရှည်တစ်ထည်ကိုတော့ မိန်းကလေးတိုင်းရဲ့ အဝတ်ဗီဒိုမှာ ရှိထားသင့်ပါတယ်။ Crop Top အကပ်၊ လည်ပိတ်အင်္ကျီ၊ Shirt အင်္ကျီ၊ ကြိုးတစ်ချောင်း အင်္ကျီ၊ အပေါ်ထပ် Cardigan တွေအပြင် အင်္ကျီပုံစံတော်တော်များများနဲ့လည်း တွဲဖက်ဝတ်ဆင်နိုင်ပါတယ်။ အဖြူရောင်ချည်စကပ်ရှည်ကို Instagram မှာ ဝတ်ဆင်ကြပုံကို ဖော်ပြပေးလိုက်ပါတယ်။

**Daisy**

---

## နံနက်ခင်းလေ့ကျင့်ခန်းလုပ်ခြင်း၏ အကျိုးကျေးဇူးများ

လေ့ကျင့်ခန်းလုပ်ကြတဲ့အခါမှာ ကြုံတွေ့ရတာတော့ နံနက်ခင်းမှာ လေ့ကျင့်ခန်းလုပ်ရင် ကောင်းတာလား(သို့)ညနေဘက်မှာ လုပ်ရင်ကောင်းတာလားဆိုပြီး ဒွိဟ ဖြစ်တတ်ကြပါတယ်။ နံနက်ခင်းမှာ လေ့ကျင့်ခန်းလုပ်ရင် ညလုံးပေါက် အိပ်စက်အနားယူပြီးနောက် ခန္ဓာကိုယ်ထဲက ကလီစာတွေက အိပ်ရာနိုးနိုးခြင်း အချိန်မှာ လျှင်မြန်စွာ အလုပ် လုပ်နိုင်ခြင်းမရှိသေးပါဘူး။ ဒီတော့ နံနက်ပိုင်း လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် တစ်နေ့တာအတွက် စိတ်အာရုံနိုးကြားတက်ကြွစေဖို့၊ အားအင်တွေ ပြည့်ဝစေဖို့ ကောင်းစွာ ကူညီပေးနိုင်ပါတယ်။

အကျိုးကျေးဇူးကတော့ အိပ်ချင်နေတဲ့စိတ်ကို ပြေလျော့သွားစေပြီး စိတ်ကို လန်းလန်းဆန်းဆန်းဖြစ်စေတယ်။ အလုပ်ခွင်ထဲမှာ တက်ကြွစေပြီး စိတ်ကူးဉာဏ်အသစ်အဆန်းတွေ ဖန်တီးနိုင်စေတယ်။

အလုပ်ခွင်ထဲမှာ အိပ်ငိုက်မနေအောင် ကူညီပေးပြီး တစ်နေ့တာလုံး အားအင်အပြည့်နဲ့ လှုပ်ရှားရုန်းကန်နိုင်စေတယ်။ နံနက်စာ မစားခင် လေ့ကျင့်ခန်းလုပ်ပေးမယ်ဆိုရင် ခန္ဓာကိုယ်မှာရှိတဲ့ ကယ်လိုရီနဲ့ အဆီပိုတွေကို ပိုပြီး လောင်ကျွမ်းစေတယ်။ ကိုယ်အလေးချိန်ကျလိုသူတွေအတွက် လေ့ကျင့်ခန်းလုပ်ဖို့ အသင့်လျော်ဆုံး အချိန်ဖြစ်ပါတယ်။ သတိပြုရမယ့်အချက်ကတော့ ညဘက် အိပ်ရေးမဝတဲ့အခါ နံနက်ခင်းမှာ လေ့ကျင့်ခန်းလုပ်ဖို့ အားအင်မရှိတဲ့အခါမျိုးဆို မလုပ်သင့်ပါဘူး။

**Daisy**



---



## သစ်မာကြမ်းခင်းတွေနဲ့ ကော်ဇောသန့်ရှင်းရေးပြုလုပ်နည်း

မြန်မာနိုင်ငံက အိမ်အများစုမှာ တွေ့ရများတဲ့ ပါကေးတွေလို သစ်မာကြမ်းခင်းတွေနဲ့ ကော်ဇောတွေကို သန့်ရှင်းရေးလုပ်မယ်ဆိုရင် ပုံမှန် ကြမ်းခင်းကို သန့်ရှင်းရေးလုပ်တဲ့ပုံစံမျိုးနဲ့ လုပ်လို့မရပါဘူး။ သစ်မာကြမ်းခင်းတွေကို သန့်ရှင်းရေးလုပ်မယ်ဆိုရင် ကြမ်းပြင် အစင်းရာမထင်ဖို့ နူးညံ့တဲ့ မိုက်ခရိုဖိုက်ဘာအခင်းပါတဲ့ ကြမ်းတိုက်တံမြက်စည်း ဒါမှမဟုတ် အဝတ်သုံးပြီး ကြမ်းတိုက်ဖို့ လိုအပ်ပါတယ်။ ရေများများ သုံးပြီးကြမ်းတိုက်တာက အချိန်ကြာလာတာနဲ့အမျှ ကြမ်းခင်းတွေ ပျက်စီးနိုင်တဲ့အတွက် ရှောင့်သင့်ပါတယ်။ အဲဒီအစား သစ်မာကြမ်းခင်းသုံး ဆေးရည်တွေကိုသုံးပြီး သန့်ရှင်းမယ်ဆိုရင်တော့ ကြမ်းခင်းတွေ ချောမွတ်လင်းလက်ပြီး သန့်ရှင်းနေမှာ အမှန်ပါပဲ။

ကော်ဇောတွေက ဖုန်၊ သဲ၊ အညစ်အကြေးတွေ ကပ်ငြိလွယ်တာကြောင့် နေ့စဉ် ဖုန်စုပ်ပေးဖို့ လိုအပ်ပါတယ်။ HEPA စစ်ထုတ်မှုစွမ်းအားပါတဲ့ ဖုန်စုပ်စက်တွေဟာဆိုရင် အသားအရေ ဓာတ်မတည့်မှုတွေ ဖြစ်စေတဲ့ အသေးမွှားဆုံး ဖုန်မှုန့်တွေကိုပါမကျန် ဖယ်ရှားပေးနိုင်တဲ့အတွက် ကော်ဇောသန့်ရှင်းရာမှာ အသုံးပြုသင့်ပါတယ်။ ကော်ဇောတွေမှာ တစ်ခုခု စွန်းထင်းသွားရင်လည်း ကော်ဇောအတွက် သီးသန့်ထုတ်ထားတဲ့ ကော်ဇောဆေးရည်သုံးခြင်းအားဖြင့် ကော်ဇောတွေကို ပိုပြီးအချိန်ကြာကြာ ထိန်းသိမ်းနိုင်မှာပါ။

**Daisy**

---

## မြွေအန္တရာယ်မှ ရှောင်ရှားနိုင်မည့်အချက်များနဲ့ ကိုက်ခံရပါက လုပ်ဆောင်ရမည့်အချက်များ

ယခုလို မိုးရာသီ ရေကြီးရေလျှံဖြစ်လာတဲ့အခါမှာ ရေနဲ့အတူ မြွေတွေ ဝင်ရောက်လာတတ်တာကြောင့် မြွေအန္တရာယ်ကနေ ကာကွယ်နိုင်ဖို့နဲ့ မြွေကိုက်ခံရပါက ပြုလုပ်ရမယ့် နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ချုံထူထပ်သောနေရာ၊ အုတ်ပုံ အပျက်အစီးများ၊ တွင်းအစရှိသည့်နေရာများတွင် အဆိပ်ရှိသော သတ္တဝါများ ခိုအောင်းနေနိုင်သဖြင့် သတိထားဖို့ လိုအပ်ပါတယ်။

(၂) မြွေခိုအောင်းနိုင်တဲ့ နေရာများကို ရှင်းလင်းပါ။ ရှင်းလင်းတဲ့အချိန်မှာ ရော်ဘာလက်အိတ်များကို ဝတ်ဆင်ပါ။

(၃) မြက်များ၊ ရွှံ့နွံများ ထူထပ်သည့် နေရာများတွင် ဘောင်းဘီရှည်နှင့် လည်ရှည်ဖိနပ်အမာများ ဝတ်ဆင်ပါ။

(၄) မြွေကိုက်ခံရပါက စိတ်ငြိမ်စွာထားပြီး လဲလျောင်းလိုက်ပါ။ မြွေဆိပ်မပျံ့စေဖို့ တတ်နိုင်သမျှ လှုပ်ရှားမှုမပြုပါဘဲ နီးစပ်ရာကို အကူအညီတောင်းပါ။

(၅) မြွေကိုက်ခံထားရသည့် ခြေထောက်၊ လက်ကို ပတ်တီးတင်းတင်းစည်းပါ။ မလှုပ်ရှားပါနှင့်။

(၆) ဒဏ်ရာကို မထိုးစွပါနှင့်။ (သို့မဟုတ်)မြွေဆိပ်ကိုက် ထုတ်တာမျိုး မပြုလုပ်ပါနှင့်။ မြွေကို လိုက်ဖမ်းဖို့ မကြိုးစားပါနှင့်။

(၇) အနီးစပ်ဆုံး ကျန်းမာရေးစောင့်ရှောက်မှုများပေးသည့် နေရာကို သွားပြီး မြွေဆိပ်ဖြေဆေးနဲ့ ဆေးကုသမှု ခံယူပါ။

**Daisy**



## အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက် ထုတ်ယူသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာ မွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချိုဆီးချိုရောဂါ စစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)



## အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၌ စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ချိုချိုမာက လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေ(စာကြည့်တိုက်မှူး)က ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာသင့်သည့် စာပေအမျိုးအစားများ၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်းတို့ကို ရှင်းလင်းဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြန်မာရိုးရာ စကားပုံနှင့် စကားထာပြိုင်ပွဲများ ပြုလုပ်ကာ ဆုရရှိသူများကို စာရေးကိရိယာ သုံး လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ (၃၄၀)




## ထန်းသုံးပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) စီမံကိန်းရန်ပုံငွေဖြင့် ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ (Smart Village) စီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအရည်အသွေး ပြည့်မီစေရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာ၌ လမ်းအရှည် ၇၀၅ ပေရှိ ကျေးရွာပတ်လမ်း နှစ်လမ်းကို လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား (Smart Village) စီမံကိန်းရန်ပုံငွေ ၁၉ ဒသမ ၈၅ သန်းစီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပြီး ယခုလ ၅ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ်၊ လူဦးရေ ၇၀၈ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်၍ ကျေးရွာ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။ (၄၄၅)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကိုယ်ပြုသညိကံ

---

* ဒေါ်သပေါက်ကွဲ
ငါ . . . ဆဲလိုက်မိတယ် ။

* ဒါပေမယ့်
သူမှာက . . .
ငါ့ရဲ့အသံ
မတုံ့ပြန်ဘဲ
သည်းခံတည်ငြိမ်
အိန္ဒြေရရ အပြုံးမပျက်
ရှေ့ဆက်သွားကာ
အေးချမ်းစွာ . . .။

* ငါ့မှာက . . .
ဒေါ်သစိတ်ကြီး
ရင်ထဲမီးတောင်
တောက်လောင်ပြင်းထန်
လူးလိမ့်ခံရင်း
ကျန်ခဲ့တစ်ယောက်ထဲ ။ ။

ချမ်းမြေ့မိုး(မန္တလေး)

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆောင်ရွက်

**တာချီလိတ် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများကို ပြည်သူများ ကျယ်ပြန့်စွာ သိရှိစေရေး၊ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ရည်ရွယ်၍ အသိပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက လူစည်ကားရာနေရာများမှာ ဌာနတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မီတီအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိဌာနဆိုင်ရာများသည် မြို့တွင်းရှိ ဗိုလ်ချုပ်လမ်းမကြီး၊ ရှမ်းရိုးမကွင်းလမ်းဆုံ၊ ဟောင်လိတ်ကျောင်းရှေ့နှင့် တာလော့ဈေးရှေ့တို့၌ ဖြတ်သန်းသွားလာကြသည့် မိဘပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်များအား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများ သန်း ခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများကို ပိုမိုသိရှိစေရေးအတွက် အသံချဲ့စက်ဖြင့် မြန်မာ၊ ရှမ်း၊ အာခါ၊ လားဟူ ဘာသာစကားများဖြင့် လှည့်လည်အသိပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်းမှာ တစ်ပြိုင်နက်တည်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံမည်ဆိုသော မှတ်စုစာသား ရိုင်ယန်ရုသ် လအနည်းငယ်ကြာ ကြိုတင်ရေးသားထား

**ဝါရှင်တန် စက်တင်ဘာ ၂၄**





အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံမည်ဆိုသော မှတ်စုစာသား ရှာဖွေတွေ့ရှိခဲ့ပြီးနောက် သက်ဆိုင်ရာအစိုးရရှေ့နေများက ရိုင်ယန်ရုသ်ကို တရားစွဲဆိုရာ၌ ထိုစာသားကို သက်သေခံပစ္စည်းတစ်ရပ်အဖြစ် ပူးတွဲတင်ပြထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၄င်း၏အိမ်ထဲသို့ ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် သေတ္တာတစ်လုံးထဲ၌ သေနတ်ကျည်ဆန်များ၊ အိမ်ဆောက်ပစ္စည်းများ၊ လက်ကိုင်ဖုန်းလေးလုံး၊ ကိရိယာများနှင့်အတူ အဆိုပါစာကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အသက် ၅၈ နှစ်အရွယ် အဓိကသံသယရှိသူ ရိုင်ယန်ရုသ်ကို ပြည်ထောင်စုအစိုးရရှေ့နေများက လက်နက်မှု နှစ်မှုဖြင့် ကနဦးတရားစွဲတင်ထားပြီး နိုင်ငံရေးဆိုင်ရာ နာမည်စာရင်းတင်သွင်းထားသူကို လုပ်ကြံရန် ကြံစည်အားထုတ်မှုဖြင့်လည်း တစ်ပေါင်းတည်းစွဲဆိုရန် တရားသူကြီးအဖွဲ့ထံသို့ လျှောက်ထားတင်ပြပြီး ဖြစ်သည်။

ရုသ်ကို စက်တင်ဘာ ၁၅ ရက်ကတည်းက ဖမ်းဆီးထားပြီးနောက် ပထမအကြိမ် ရုံးထုတ်စစ်ဆေးကြားနာခဲ့သည်။

ထိုသို့ စစ်ဆေးကြားနာပြီးနောက် ပြည်ထောင်စုတရားသူကြီး ရိုင်ယွန်မက္ကာဘီက ၄င်းကို အာမခံမပေးဘဲ ဆက်လက်ထိန်းသိမ်းထားရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**Mon**



၂၀၂၄ ခုနှစ် ကမ္ဘာ့ဂုဏ်ဓာတ်ပုံပြိုင်ပွဲ သက်ငယ်တန်းပွဲစဉ်၌ တစ်နှစ်တာ အကောင်းဆုံးဓာတ်ပုံဆုရရှိခဲ့သော စပိန်နိုင်ငံမှ အသက် ၁၄ နှစ်အရွယ် အန်ဒရက်စ်လွစ်ဒိုမင်းဂက်စ်ဘာလန်ကို၏ လက်ရာကို တွေ့ရစဉ်။ **Mon**

## ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ဒိဿနာယကေ သီရိလင်္ကာသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆို

**ကိုလံဘို စက်တင်ဘာ ၂၄**

ယခင်အပတ်နှောင်းပိုင်းက ကျင်းပပြီးစီးသွားသည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော အနူရာကုမာရဒိဿနာယကေ စက်တင်ဘာ ၂၃ ရက်က



သီရိလင်္ကာသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

"ကျွန်တော်ဟာ မှော်ဆရာတစ်ယောက်မဟုတ်ပါဘူး၊ သာမန်နိုင်ငံသားတစ်ယောက်ဖြစ်ပါတယ်၊ ကျွန်တော်သိတာတွေရှိသလို မသိတာတွေလည်းရှိပါတယ်။ ဒီတိုင်းပြည်ကိုတိုးတက်လာအောင်ကူညီဖို့ရာ အသိတရားနဲ့စွမ်းရည်ရှိသူတွေကို စုစည်းပေးမယ်လို့ ကျွန်တော်ရည်မှန်းထားပါတယ်"ဟု ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် အသက် ၅၅ နှစ်အရွယ် လက်ဝဲဝါဒီ သမ္မတ အနူရာကုမာရဒိဿနာယကေ က အတိအလင်း ထုတ်ဖော်ပြောကြားသည်။

သမ္မတဖြစ်လာလျှင် သီရိလင်္ကာနိုင်ငံ၌ အစိုးရအုပ်ချုပ်ရေးစနစ် ပိုမိုကောင်းမွန်ကာ အဂတိနှင့် အကျင့်ပျက်ခြစားမှုကင်းအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ရွေးကောက်ပွဲအတွက် မဲဆွယ်စဉ်က ၄င်းကတိပြုပြောဆိုခဲ့သည်။

ဤတိုင်းပြည်ကို ချစ်မြတ်နိုးလေးစားတန်ဖိုးထားလျက် သမ္မတသစ်ထံသို့ တိုင်းပြည်၏အနာဂတ်ကို လွှဲအပ်လိုက်သည်ဟု နုတ်ထွက်သည့်သမ္မတ ဝီကရေမေဆင်ဂေက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## အသက် ၂၀ အောက် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ မြောက်ကိုရီးယားအမျိုးသမီးဘောလုံးအသင်း ဖိုလ်စွဲ



**ဘိုဂိုတာ စက်တင်ဘာ ၂၄**

ကိုလံဘီယာနိုင်ငံတွင် လက်ခံကျင်းပခဲ့သော အသက် ၂၀ အောက် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ မြောက်ကိုရီးယားအမျိုးသမီးဘောလုံးအသင်း အနိုင်ရဖိုလ်စွဲကာ ဆုဖလားဆွတ်ခူးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နောက်ဆုံးဖိုလ်လုပွဲတွင် ဂျပန်အမျိုးသမီးဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ အသက် ၁၇ နှစ်အရွယ် ရှေ့တန်းတိုက်စစ်မှူး ချိုးအီဆွန်က ပထမပိုင်း ၁၅ မိနစ်၌ ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။

အသက် ၂၀ အောက် မြောက်ကိုရီးယားအမျိုးသမီးဘောလုံးအသင်းသည် ဂျပန်အမျိုးသမီးဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## အနိမ့်ဆုံးနေ့စားအလုပ်သမားခ တိုးမြှင့်ရေးကိစ္စ ထိုင်းအစိုးရ ရက်သတ္တနှစ်ပတ် ဆိုင်းငံ့မည်ဟု ဆို

**ဘန်ကောက် စက်တင်ဘာ ၂၄**


အနိမ့်ဆုံးနေ့စားအလုပ်သမားခ တိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ ထိုင်းအစိုးရ ရက်သတ္တနှစ်ပတ် ဆိုင်းငံ့မည်ဟုဆိုကြောင်း စီအင်န်အေသတင်းဌာနက စက်တင်ဘာ ၂၃ ရက်တွင် ဖော်ပြသည်။

သက်ဆိုင်ရာ လုပ်ခလစာ တိုးမြှင့်သတ်မှတ်ရေးကော်မတီအနေဖြင့် နှစ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း ဆုံးဖြတ်ချက်ပေါ်ထွက်မလာသေးသဖြင့် အောက်တိုဘာ ၁ ရက်မှ နောက်နှစ်ပတ်ရွှေ့ဆိုင်းရန် စီစဉ်ခဲ့ရကြောင်း ထိုင်းအလုပ်သမားဝန်ကြီး ပိုင်ရော့ဂျ်ချိုတီကာစန်သီယင်က ရှင်းလင်းပြောကြားသည်။

အမျိုးသားစီးပွားရေးတိုးတက်လာပြီး မြင့်တက်လာသော ဂျီဒီပီပမာဏအပေါ်မူတည်၍ လက်ရှိအနိမ့်ဆုံးနေ့စားအလုပ်သမားခ ဘတ် ၃၃၀ မှ ဘတ် ၃၇၀ သို့ တိုးမြှင့်ပေးရန် အာဏာရဖူထိုင်းပါတီက ရည်မှန်းထားပြီးဖြစ်သည်။

အရှေ့တောင်အာရှတွင် ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၌ လာမည့် ၂၀၂၇ ခုနှစ်တွင် အနိမ့်ဆုံးနေ့စားအလုပ်သမားခကို ဘတ် ၆၀၀ အထိ အဆင့်ဆင့်တိုးမြှင့်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

**Mon**





## ကြံ့များ တရားမဝင် အမဲလိုက်သတ်ဖြတ်ခံနေရသည်ဟု အပြည်ပြည်ဆိုင်ရာ ကြံ့ဖောင်ဒေးရှင်းက အစီရင်ခံ

**ကိပ်တောင်း စက်တင်ဘာ ၂၄**

ကြံ့များ တရားမဝင် အမဲလိုက်သတ်ဖြတ်ခံနေရသည်ဟု အပြည်ပြည်ဆိုင်ရာ ကြံ့ဖောင်ဒေးရှင်းက အစီရင်ခံတင်ပြထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကြံ့အကောင်ရေသည် ၂၀၂၃ ခုနှစ်တွင် ၁၅၂၂ ကောင်မှ ၁၇၄၆၄ ကောင်အထိ တိုးပွားလာခဲ့သော်လည်း တရားမဝင် အမဲလိုက်သတ်ဖြတ်ခံခဲ့ရသော အကောင်ရေ ၅၈၆ ကောင်ရှိကြောင်း ထိုအစီရင်ခံစာတွင် တွက်ချက်တင်ပြသည်။

စက်တင်ဘာ ၂၂ ရက်က ကျရောက်သည့် ကမ္ဘာ့ကြံ့နေ့အမီတင်သွင်းသော အဆိုပါအစီရင်ခံစာတွင် နှစ်အလိုက် ကြံ့များ အမဲလိုက်သတ်ဖြတ်ခံခဲ့ရသော အခြေအနေကိုလည်း နှိုင်းယှဉ်ဖော်ပြထားသည်။

၂၀ ရာစု အစပိုင်းတွင် တစ်ကမ္ဘာလုံးရှိ ကြံ့အကောင်ရေ ၅၀၀၀၀၀ ရှိခဲ့ရာမှ ယခုအခါ ၂၈၀၀၀ သာကျန်ရှိတော့သည်ဟု ဆိုသည်။

တောင်အာဖရိကနိုင်ငံတွင် ကြံ့ဖြူအကောင်ရေ တိုးပွားအောင် သက်ဆိုင်ရာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့က ထိန်းသိမ်းထားဆဲဖြစ်ကြောင်း သိရသည်။ **Mon**

## အီရန်နိုင်ငံ တောင်ခိုရာဆန်ပြည်နယ်အတွင်း ကျောက်မီးသွေးတွင်းပေါက်ကွဲမှု ဖြစ်ပွား

**တီဟီရန် စက်တင်ဘာ ၂၄**



အီရန်နိုင်ငံ တောင်ခိုရာဆန်ပြည်နယ်အတွင်း မကြာသေးမီက ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကျောက်မီးသွေးတွင်းထဲမှ ထွက်သော မီသိန်းဓာတ်ငွေ့များ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လူ ၅၁ ဦး သေဆုံးကာ ၂၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းကျောက်မီးသွေးလုပ်ကွက်၌ တူးဖော်ထုတ်လုပ်နေသာ မာဒန်ဂျူးကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

ကျောက်မီးသွေးကြော သုံးကြောတူးဖော်လုပ်ကိုင်လျက်ရှိသည့်အနက် နှစ်ကြော၏အတွင်းပိုင်း မီသိန်းဓာတ်ငွေ့များ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ဆည်းဆာကြေးမောင်း

တစ်နေ့က နံနက်ခင်း လက်ဖက်ရည်ဆိုင်မှာ အသက် ၈၀ကျော် အရွယ်ရှိ မောင်းလုပ်သားဟောင်း မောင်းပညာရှင် ဦးလေးကြီးတွေနဲ့ တွေ့ပါတယ်။ တစ်ချိန်က အားကောင်းမောင်းသန် မောင်းလုပ်သားဟောင်းကြီးတွေပေါ့။ အခုကျတော့လည်း တောင်ဝှေးကိုယ်စီ တုတ်ကောက်ကိုင်လို့ လမ်းလျှောက်နေကြရှာပြီ။ မီးအပူဒဏ်ခံရင်း မောင်းရိုက်သံတူကြီးတွေ ကိုင်မြှောက်လို့ ဖွဲ့နဘဲကြီးစွာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် မိသားစု စားဝတ်နေရေး ဖြေရှင်းကာ နိစ္စဓူဝ ပင်ပန်းဆင်းရဲခံခဲ့ကြရတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။

**(ဘယ်သူတွေပါလိမ့်လို့ ကြည့်နေတာ မောင်းဆရာကြီးတွေကိုး။ အခုလို ကျန်းကျန်းမာမာ ရှိနေကြသေးတာ တွေ့ရတော့ ဝမ်းသာပါတယ် ခင်ဗျာ)**

\- ကျန်းမာပေမယ့် ငယ်တုန်းက ဒဏ်တွေကို ခံစားနေပြီလေ။ ငါက ခါးကိုင်းနေပြီ။ သူက နားထိုင်းနေပြီ။ ဟိုလူက မျက်စိမကောင်းရှာတော့ဘူး။ ပင်ပင်ပန်းပန်း မောင်းတူရိုက်ခဲ့ကြရတာ လေကွာ။

\- **(ဩော် ဟုတ်မှာပေါ့ အဘတို့ရယ်၊ ကြုံတုန်းဆုံတုန်းမှာ ကျွန်တော်ဂါရဝပြုပါရစေ။ အဘတို့အတွက် မုန့်ဖိုးရော၊ လက်ဖက်ရည်ဖိုးရောရှင်းပြီးပြီ။ မေးချင်တာလေးတွေလည်းမေးပါဦးမယ်)**

\- မောင်းတူရိုက်ခဲ့ရတဲ့ နှစ်တွေကလည်း မနည်းဘူးကွာ။ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့တော့လည်း ဘယ်ခံနိုင်မှာလဲ။ မျက်စိက မှိုင်း၊ နားကထိုင်း၊ ခါးက ကိုင်းကုန်ကြပြီ။ ဘဝနေဝင်ချိန်လည်း နီးပြီပေါ့လေကွာ။

\- **(လူကလည်းအို နေလည်းညိုနေပြီပေါ့နော်။ အဘတို့ အရွယ်ကောင်းတုန်းက လက်မောင်းကြီးတွေ အတုတ်ကြီးပဲ။ မောင်ဗမာဘကွန်းတို့ မောင်ဗမာ ကျော်တင့်တို့လို ကာယဗလ ဦးလှကြွယ်လိုလို ကြွက်သားတွေ မာဆယ်လ်တွေ ဘယ်ရောက်ကုန်ကြပြီတုန်း၊ ဆည်းဆာနေညိုချိန် ရောက်ပြီလားလို့)**

\- အံမာ ဟော့ကောင်ရ နေညိုချိန် တိမ်တောက်တယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ အခုနေ မောင်းဖိုတဲသွားပြီး လူငယ်တွေနဲ့အပြိုင် မောင်းခတ်ပြလိုက်ချင်သေးတယ်ကွ။ ဒါပေမယ့် မောင်းတူကြီးတွေ မမြှောက်နိုင်တော့လို့ မို့သာပေါ့ကွာ။ စိတ်ကတော့ အရှုံးမပေးချင်သေးဘူး။

\- **(မောင်းတူကြီးတွေက ဘယ်လောက်လေးလို့တုန်း။ မောင်းဖိုတဲတွေ သွားကြည့်ခဲ့တုန်းကတွေ့ရတာ တုံးတုံးတိန် တုံးတုံးတိန်နဲ့ တူသံပေသံတွေ မြည်နေတာ အတော်အားစိုက်ရိုက်ရလား အဘတို့)**

\- သံတူကြီးတွေဆိုတော့ ၂ပိဿာ ၇၅ကျပ်သား၊ သုံးပိဿာလည်းရှိတယ်။ ဆိုဒ်အမျိုးမျိုးပေါ့။ ဝါးဆစ်ပိတ် အရိုးတပ်ထားတော့ သုံးပိဿာခွဲလောက် ရှိတာပေါ့။ မနည်း မ ရတာပေါ့။ မလွယ်ဘူးကွ။

\- **(အတွေ့အကြုံလေးတွေ ပြောကြပါဦး၊ မောင်းဆိုတာ ခတ်ယူရတယ်ဆိုတော့ ကြေးအမျိုးအစားကောင်းမှ ဖြစ်မှာပေါ့နော်။ ကြေးနီ၊ ကြေးဝါ ဘယ်လိုကြေးအမျိုးအစား ဖြစ်ဖြစ်ရတယ် မဟုတ်လား)**

\- မရဘူး။ ကြေးနီသန့်သန့်နဲ့ အကောင်းစား ခဲမဖြူရောစပ်ရတာ။ အဲဒါ ခတ်ကြေးလို့ ခေါ်တယ်။ မောင်းကြေးနောင်၊ လင်ကွင်း၊ ကြေးစည် အသံမြည်တာတွေ မှန်သမျှ အကုန်လုံး ခတ်ကြေးနဲ့ ခတ်လုပ်ရတာကွ။ ကုန်ကုန်ပြောရရင် ကြေးဖလားတို့ ကြေးဇွန်းတို့ကအစ ခတ်ကြေးကို မီးအပူပေး အသုံးပြုပြီး ခတ်ယူပုံဖော်ကြရတာ။ အခုခေတ်တော့ ကြေးဖလားတို့ ကြေးဇွန်းတို့ မသုံးကြတော့ပါဘူး ငါ့တူရာ။

\- **(ဒါကြောင့် ကြေးပန်းတဉ်းလုပ်ငန်းမှာ အသွန်းလုပ်ငန်း၊ အခတ်လုပ်ငန်း နှစ်မျိုးရှိတယ်လို့ ပြောကြတာကိုး။ အဘတို့ငယ်ငယ်က မောင်းခတ်ခဲ့ကြတာ အခု ဒီသုံးယောက်တွဲခဲ့ကြဘူးလား၊ မောင်းလုပ်တဲ့ သူတွေရောများလား၊ မောင်းဖိုတဲတွေ ဘယ်နှစ်ဖိုလောက် ရှိခဲ့တုန်း)**

\- တွဲခဲ့ရဖူးတာပေါ့။ မောင်းဖို ဆိုတာက လူငါးယောက်၊ ခြောက်ယောက်ရှိမှ မောင်းလုပ်ငန်း လုပ်လို့ရတာ။ တူရိုက်သမား သုံးယောက်၊ ဖိုထိုးသူတစ်ယောက်၊ ညှပ်ကိုင်ဆရာ တစ်ယောက်၊ မီးသွေးရွေးတဲ့ သူ၊ ရေထမ်းရတဲ့သူ၊ ဗာဟီရသမားလည်း ရှိဦးမှ အဆင်ပြေမှာလေ။ ဒါတောင်မှ လူမစုံလို့ တစ်ခြားဖိုက လူစားတစ်ယောက် နှစ်ယောက်ခေါ်ပြီး ခက်ခဲတယ်ဆိုရင် အတွဲမညီပြန်ဘူး။ တွဲနေကျ မဟုတ်ဘူးလေ၊ ညစ်ရင်ပိုဆိုးသေးတယ်။ ညစ်တဲ့လူ ပါလာရင် နေ့လယ်၊ညနေစောင်းအထိ အလုပ်မပြီးဘူး။

\- **(ဘယ်လိုကြောင့်တုန်းအဘရဲ့။ မောင်းတစ်လုံး ခတ်တဲ့အချိန်က ဘယ်လောက်ကြာလို့တုန်း)**

\- ဥပမာ ဒို့သုံးယောက်က တူရိုက်သမား သုံးယောက်ပေါ့ကွာ။ ရှေ့တူ၊ အလယ်တူ၊ နောက်တူပေါ့။ အလယ်တူသမားက တူချက်ကို တည့်တည့်မရိုက်ဘဲ ခုတ် ခုတ်ပြီး ဘေးကို ဖဲ့ဖဲ့ဆွဲသွားရင် နောက်တူသမား မသက်သာဘူး၊ ပင်ပန်းရော၊ အဲဒီတူချက်တွေကို ဖြေနေရတာလေကွာ။

\- **(မောင်းခတ်လုပ်တဲ့လုပ်ငန်းက ဘာလို့ ညသန်းခေါင်ကတည်းက လုပ်ငန်းလုပ်ကြရတာတုန်း အဘတို့)**

\- မီးပူဒဏ်ပြင်းတယ်လေကွာ။ မီးဖို၀ နှစ်ပေ အကွာမှာထိုင်ပြီး တူရိုက်ကြရတာ၊ ချွေးတွေကလည်း ရွှဲ၊ မီးကလည်းပူ ရေပုံးထဲကရေနဲ့ မျက်နှာသစ်၊ မီးပွားကလည်း လွင့်၊ ဖျစ်ခဲစင်တာကို ပြောတာ၊ နေ့ခင်းမရောက်ခင် နံနက် ၉နာရီလောက်ပြီးအောင် ညအချိန်မှာ လုပ်ကြရတာ။ မောင်းဖိုတဲတွေ ၃၀ကျော်လောက် ရှိခဲ့ရာက အခုတော့ နှစ်ဖို၊ သုံးဖိုပဲ ကျန်တော့တယ်။ မီးအပူဒဏ် ပြင်းတာတွေကလည်း တို့တစ်တွေရဲ့ မျက်နှာမှာ ငါးပိကပ်ထားရင်တောင် အဲဒီ ငါးပိကျက်လိမ့်ဦးမယ်။

\- **(ဩော် အတော်ပင်ပန်းတဲ့ အလုပ်ပါလား။ မောင်းကိုထုရင် ဒူဟူဟူ --- မြည်တာကိုပဲ သိကြတာ၊ ခေတ်ကောင်းတုန်းက မောင်းဖိုတဲတွေလည်းများ၊ မောင်းသမားတွေလည်းများခဲ့မှာပေါ့နော်---)**



\- များခဲ့သလား မမေးနဲ့ ဝင်ငွေကလည်း ဖြောင့်ဆိုတော့ မောင်းလုပ်သားတွေများမှ များပဲ။ လွန်ခဲ့တဲ့ နှစ်လေးငါးဆယ်လောက်က ကြေးကုန်ထုတ် သမဝါယမ အသင်းအဖွဲ့တွေ၊ ကြေးလုပ်သား အစည်းအရုံးတွေ ဘာတွေလည်း ရှိခဲ့တယ်။



အခုခေတ်တော့ မောင်းဖိုတဲ နှစ်ဖို၊ သုံးဖိုပဲ ရှိတော့တယ်၊ သူတို့မလုပ်ကြတော့ဘူးဆိုရင် မောင်းခေတ် ကုန်သွားမလား မသိဘူး။

\- **(ကုန်ကြမ်းအခက်အခဲကြောင့်လား။ မျိုးဆက်သစ်ပညာသင် မရှိလို့လား)**

\- အခုပြောသလိုပဲ၊ ပင်ပန်းဆင်းရဲလွန်းတယ်။ အဓိက ကုန်ကြမ်းဖြစ်တဲ့ ကြေးနီနဲ့ ခဲမဖြူရှားတာ။ အစုံပေါ့။ သင်တဲ့သူတွေ မရှိလို့ လူသစ်တွေ မရှိတော့လည်း လူအစားစက်အားသုံးပြီး ကြေးမောင်းတွေ လုပ်တန်လုပ်ရမှာပေါ့။ ဒါမှလည်း မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းဖြစ်တဲ့ ကြေးမောင်းခတ်လုပ်ငန်း အခွန့်ရှည်တော့မယ်ပေါ့ ငါ့တူရယ်။

\- **(ကြေးမောင်းခတ်လုပ်ငန်းအကြောင်းလေးလည်း ပြောပြပါဦး)**

\- ကြေးမောင်းခတ်လုပ်ငန်းမှာ ပစ္စည်းစုံ လူညီမှ မောင်းတွေရရှိမှာ သူ့တာဝန်နဲ့သူပေါ့။ လင်ပန်းအရွယ် ကြေးပြားကနေ မီးပေးလိုက် ကြေးပြားရဲလာတော့ ညှပ်ကိုင်ဆရာက ပေတုံးပေါ် ကြေးပြားတင် တူရိုက်သမားတွေက တူရိုက်ကြ၊ တဖြည်းဖြည်း ပြန့်ကားကျယ်ဝန်းလာတဲ့အခါ မောင်းပုံစံပေါ်လာအောင် စောင်းချိုးကြ၊ မောင်းဘု ဖော်ယူကြ၊ ဖိုထိုးတဲ့သူက မောင်းတစ်လုံး မပြီးမချင်း ဖိုထိုးရတဲ့ တာဝန်ယူရတယ်။ ညှပ်ကိုင်ဆရာဆိုတာက အခရာ ကျတယ်။ မီးခဲ ကြေးပြားကို မီးဖို၀ထားပြီး ညှပ်ကိုင်ပြီး လှဲ့လှဲ့ပေးရတယ်။ ခတ်ကြေးဆိုတာ မီးများတာကို မကြိုက်ဘူး။ မီးများရင်ကြေးပြား မီးစားသွားမှာလေ။ ဖိုထိုးတဲ့သူကလည်း လက်မှန်ရ တယ်လေ။ ညှပ်ကိုင်ဆရာက လက်ဟန်ခြေဟန်ပြရင် အရိပ်အကဲ နားလည်ရတယ်။

\- **(မောင်းတစ်လုံးရဖို့ ခက်ခဲပါတယ်။ မောင်းပုံစံပေါ်သွားရင် အသံပါ မြည်ရောလား)**

\- မမြည်သေးဘူး သစ်ပင်တစ်ပင်မှာ ခလောင်းပေါက်ထွင်း၊ သစ်သားချောင်း ထိုးသွင်းပြီး သံပေတုံးနဲ့ ကြေးမောင်း အပ်နေအောင်ထား၊ ဒေါက်ကို အလျှော့အတင်းလုပ်ပေး၊ ညှပ်ကိုင်ဆရာက မောင်းဘု ဘေးတစ်ဝိုက်ကို လက်သားတူနဲ့ ရိုက်ရိုက်ပြီး အသံဖော်ယူရတယ်။ ကြေးမောင်းရဲ့ အသံက မောင်းဘု အခြေတစ်ဝိုက်မှာ ရှိတယ်။

\- **(ဟုတ်ကဲ့ပါ။ ဒီလောက် လုပ်ငန်းခက်ခဲတာ မြန်မာတို့ရဲ့ ရိုးရာလုပ်ငန်းတစ်ရပ် မတိမ်ကောသင့်ပါဘူး။ ဉာဏ်သုံးပြီး စက်နဲ့ရိုက်ထုတ်၊ပုံဖော်၊ဘုချ၊ အသံဖော် လုပ်ထားတဲ့ ကြေးမောင်း တစ်လုံးနဲ့ လူအားသုံးပြီး ခတ်လုပ်ကြတဲ့ကြေးမောင်း တစ်လုံး၊ နှိုင်းယှဉ်ချထားရင် အဘတို့ မြင်မြင်ချင်းသိပါ့မလား)**

\- သိတာပေါ့ကွ၊ ဒီကောင်တော့ တုတ်ကောက်နဲ့ ရိုက်လိုက်ရ "ဟွန်း" မောင်းဘု ထသွားမယ်။ စတာနော်။

ဦးနေဝင်း
ဗန္ဓုလ(ကြေးသွန်း)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၊ စုပေါင်း သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်





**ဗန်းမော် စက်တင်ဘာ ၂၄**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲဝင်းဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ သတင်းရဲတပ်ဖွဲ့စု (ဗန်းမော်)၊ အမှတ်(၁)ရဲတပ်ဖွဲ့စု (ဗန်းမော်)၊အမှတ်(၁၀၀)ယဉ်ထိန်းရဲတပ်ဖွဲ့စု(ဗန်းမော်)၊ အမှတ်(၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ဗန်းမော်)၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(ဗန်းမော်)နှင့် လေကြောင်းရဲတပ်ဖွဲ့(ဗန်းမော်)တို့မှ စုစုပေါင်း ၁၁၀ ဦးတို့သည် ယမန်နေ့ နံနက် ၇ နာရီတွင် ဗန်းမော်မြို့၊ သာစည်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ခြင်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ခြင်များ မပေါက်ပွားစေရန် ချုံနွယ်နှင့် မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သစ်ကိုင်းခြောက်များ ရှင်းလင်းခြင်းစသည့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများအား ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးဆောင်ရွက်ခဲ့ကြပြီး ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

**ရေနံချောင်း စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီက သစ်တပွေရပ်ကွက် ရွှေဘုံသာဘုရားဝင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။ (အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်ဦးဆောင်မှုဖြင့် ဒုရဲမှူးမိုးညို၊ မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်လွင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀ ဦးဖြင့်ရွှေဘုံသာဘုရားဝင်းအတွင်း၊ အပြင် ချုံနွယ်မြက်ပင်များနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေးဟောင်းသမိုင်းဝင်ပတ္တမြားမျက်ရှင်ဘုရား ရင်ပြင်တော်ပေါ်တွင် တံမြက်စည်းလှည်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၇၂)

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် သပြေတန်းကျေးရွာအုပ်စု၊ ငွေလျှံကုန်းကျေးရွာ၊ ငွေလျှံကုန်းဘုန်းကြီးကျောင်းတိုက်အတွင်း၊အပြင်ရှိ မြက်နှင့် ချုံနွယ်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ခဲ့ရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်မင်းဦး၊ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းဦးနှင့် ဦး/ရေး/ထောက် (ပထမတန်း)ဒုတိယရဲမှူးကြီး မျိုးလွင်တို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မျိုးသီဟ(ပြန်/ဆက်)



**ငဖဲ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူအကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ငဖဲမြို့နယ်၊ကျောင်းတွင်းရပ်ကွက်ရှိ ဝိဟာရရာမဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ငဖဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်၊ဒုရဲတပ်ဖွဲ့မှူး ဒုရဲမှူးလေးလှိုင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်ဝင်းတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အဆိုပါဘုန်းကြီးကျောင်းဝင်းအတွင်း၌ ပိုင်းဝန်းဆောင်ရွက်ခဲ့ကြောင်း မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

(အပေါ်ပုံ)(၅၀၀)

**မြင်းခြံ စက်တင်ဘာ ၂၄**

အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် (၆၀) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်း သွေးလှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ၂၂ ဦးတို့မှ သွေးလှူဒါန်းခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းသူများအား အာဟာရဖြည့်စွက်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၆)

*- *- *-*-*-*





**တံတားဦး စက်တင်ဘာ ၂၄**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး)မှ ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုတို့၏ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲက စဉ့်ကိုင်မြို့နယ်၊ ခံလူးကျေးရွာ တလိုင်းလေးမျက်နှာဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာသို့ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး)မှ ရဲမှူးကြီး ထွန်းမြတ်ကျော် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင် ၄၈ ဦး၊ မိသားစုဝင် ၂၁ဦး စုစုပေါင်း ၇၈ဦးတို့က စဉ့်ကိုင်မြို့နယ် ခံလူးကျေးရွာ တလိုင်းလေးမျက်နှာဘုန်းတော်ကြီးကျောင်း အတွင်းရှိ သစ်ပင်၊ ချုံနွယ်များအား စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခြင်းနှင့် ကျောင်းအဝင်လမ်း ပြုပြင်ခြင်းများ ဆောင်ရွက်ကြရာ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)မှ ရဲမှူးကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေး၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

(၄၀၉)

*- *- *-*-*-*

**ရွာငံ စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုရဲမှူးကြီး ကျော်ဝင်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဦး၊ မြို့မစခန်းမှူးဒုရဲမှူး ကျော်စန်းဝင်းဦးဆောင်၍ စက်တင်ဘာ ၂၁ရက် နံနက် ၇ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။



စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အဆိုပါကျောင်းဝင်းအတွင်း၊အပြင်ရှိ သစ်ပင်ချုံနွယ်နှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ခြင်ပေါက်ပွားခိုအောင်းနိုင်သောနေရာများ ရှင်းလင်းခြင်း၊ မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းကာ စုပေါင်း သန့်ရှင်းရေးများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၃၃၈)

*- *- *-*-*-*

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Amitabh Bachchan ၏ Kalki ရုပ်ရှင် ဝေဖန်ခံရ




ဘောလီဝုဒ်ရုပ်ရှင် Kalki တွင် အမိတာဘချမ်းပါဝင်ထားပြီး ပရာဟတ်စ်နှင့်အတူ သရုပ်ဆောင်ထားရာ ပရိသတ်များက Avatar The Last Airbender ကို အတုယူထားသည်ဟု ထင်ရလောက်အောင် တူညီနေ၍ ဝေဖန်ထားကြသည်ဟု ဘောလီဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကားတွင် အမိတာဘချမ်း၏ သရုပ်ဆောင်မှုများမှာ ပြောစရာမရှိအောင် ကောင်းမွန်ခဲ့သော်လည်း ဇာတ်လမ်းရှေ့တစ်ဝက်လောက်ထိ ဆွဲဆောင်မှုမရှိဖြစ်ခဲ့ကာ ပရာဘတ်စ် ဇာတ်ကောင်နှင့် လိုက်ဖက်မှုမရှိသည်ကို တွေ့ရပြီး၊ Avatar The Last Airbender ကို အတုယူထားသကဲ့သို့ ဖြစ်ခဲ့သည်။

ပရိသတ်များ မျှော်လင့်ထားသည်နှင့် ကွဲပြားနေပြီး Inspiration များပြားနေကာ မလိုအပ်ဘဲ အပိုင်းနှစ်အထိ ဆွဲဆန့်ထားပြီး အမိတာဘချမ်း၏ ဇာတ်ကောင်စရိုက်မှလွဲ၍ ကျန်အနုပညာရှင်များ ဇာတ်ရုပ်မှာ လိုသည်ထက် ပိုနေသည်ဟု ဝေဖန်ထားကြသည်။ **(SKY)**

## V @ Kim Taehyung ဝတ်ဆင်ခဲ့သည့် LowA Boot ဆိုဒ် အားလုံးရောင်းကုန်ခဲ့

BTS အဖွဲ့ဝင် V @ Kim Taehyung သည် လက်ရှိ သင်တန်းတက်နေဆဲကာလဖြစ်ပြီး ဒယ်ဂူမြို့တွင်လေ့ကျင့်ရေးသင်တန်းကို ပြင်းထန်စွာ လုပ်ကိုင်ခဲ့ရာမှ သူ၏ LowA Boot စီးထားသည်ကို မြင်တွေ့ကြပြီး ဆိုဒ်အားလုံး ရောင်းကုန်သွားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

V @ Kim Taehyung ၏ ဒယ်ဂူမြို့မှ ပြင်းထန်သော လေ့ကျင့်ရေးပုံများ အင်တာနက်ကွန်ရက်တွင် တွေ့ရှိခဲ့ကြရာ ဝတ်စုံပြည့် ဆင်မြန်းထားပြီး စီးထားသော LowA Boot ကို ပရိသတ်မျက်စိကျခဲ့ကြသည်။



အဆိုပါ Boot ဖိနပ်မှာ သီးသန့်ထုတ်ကုန်ဖြစ်ပြီး ဖိနပ်ဆိုဒ်အားလုံး ရောင်းကုန်ခဲ့သည့်အပြင် လွန်ခဲ့သောနှစ်ကကျောင်ကု၊ ဂျီမင်တို့နှင့်အတူ Are You Sure ရိုက်ကူးရေးတွင် စီးခဲ့သည့် V ၏ Scooter မှာလည်း ပစ္စည်းများ ရောင်းကုန်သည်အထိ ဖြစ်ခဲ့သည့်အတွက် တောင်ကိုရီးယားနိုင်ငံ၏ ကြော်ငြာအနုပညာရှင်ဖြစ်ခဲ့သည်။ **(SKY)**

## Jackson Wang က Stamford တက္ကသိုလ်မှ ကမ်းလှမ်းသည်ကို ငြင်းပယ်ခဲ့

တရုတ်အနုပညာရှင် Jackson Wang ခေါ် ဝမ်ကျားအော်သည် ဟောင်ကောင်ကိုယ်စားပြု ဓားရေးကျွမ်းကျင်သူဖြစ်၍ စတန်းဖို့ဒ်တက္ကသိုလ်မှ ကမ်းလှမ်းခံရသည်ကို ငြင်းပယ်ခဲ့ပြီး ကေပေါ့ပ်အဖွဲ့ GOT7 နှင့် ပွဲဦးထွက်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jackson Wang မိခင်မှာ ကျွမ်းဘားမယ်ပယောင်းဖြစ်ပြီး ဖခင်က ဓားရေးနည်းပြ နိုင်ငံ့လက်ရွေးပယောင်းဖြစ်၍ Jackson Wang အားကစားထူးချွန်ကာ ငယ်စဉ်က ကျွမ်းဘားကစား၍ အသက်ဆယ်နှစ်နှင့် ဖခင်ထံမှ ဓားရေးပြကစားနည်း သင်ယူခဲ့သည်။



ဓားရေးပြဂျူနီယာအဆင့်တွင် ပထမရခဲ့ကာ သူ့ရည်မှန်းချက်မှာ ၂၀၁၆ခုနှစ် အိုလံပစ်ရွှေတံဆိပ် ရရန် ဖြစ်သော်လည်း ၂၀၁၀ခုနှစ် ဂျေဝိုင်ပီအင်တာတိန်းမင့် ဝင်ပြိုင်ရာ နံပါတ်တစ်ချိတ်ခဲ့ပြီး မိဘများက ကန့်ကွက်၍ ကတိပေးခဲ့ရကာ Asia International ဓားရေးပြပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ကမ္ဘာ့အဆင့်(၁၂)တွင် အာရှအဆင့်တစ် ရခဲ့သည်။

ဟောင်ကောင်နှင့် စတန်းဖို့ဒ် တက္ကသိုလ်က စကောလာရှစ်ပေးရန် ကမ်းလှမ်းခဲ့သော်လည်း ကေပေါ့ပ်အဖွဲ့ GOT7 နှင့် ပွဲဦးထွက်ခဲ့ကာ လက်ရှိ တစ်ကိုယ်တော် အဆိုတော်၊ ထုတ်လုပ်သူ Team Wang ကုမ္ပဏီပိုင်ရှင်ဖြစ်သည်။ **(SKY)**

## မိခင်ကို မဂ္ဂနီစီယမ်ဆာလ်ဖိတ်ဖြင့် ကုသပေးထားလျှင် ကလေး၏ဦးနှောက်ကျန်းမာရေး စိတ်ချရနိုင်မည်



ယနေ့ခေတ်ပေါက်ဈေးအရ တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၇ဒေါ်လာခန့်သာ ကုန်ကျမည်ဆိုသော မဂ္ဂနီစီယမ်ဆာလ်ဖိတ်ဆေးဖြင့် ကိုယ်ဝန်ဆောင်မိခင်ကို ကုသပေးထားလျှင် မွေးလာသောကလေး၏ ဦးနှောက်ကျန်းမာရေး စိတ်ချရနိုင်မည်ဟု ဗြိတိန်နိုင်ငံ ဘရစ္စတောလ် တက္ကသိုလ်မှ ပါမောက္ခကာရင်လိုက် မကြာသေးမီက အတည်ပြု ပြောကြားသည်။

ထိုဆေးသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် သင့်လျော်ကောင်းမွန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အတည်ပြုထားသည်။ နေ့မစေ့ လမစေ့ဘဲမွေးလာသောကလေးများတွင် ဦးနှောက်ထိခိုက်ချတ်ယွင်းမှု အနည်းနှင့်အများ ကြုံတွေ့ရလေ့ရှိသည်။

ထိုကလေး၏မိခင်မဂ္ဂနီစီယမ်ဆာလ်ဖိတ်ဆေးဖြင့်ကုသမှုခံယူဖူးလျှင် ကလေးမွေးလာပြီးနောက် ဦးနှောက်ထိခိုက်ပြီး လေဖြတ်ခြင်းဝေဒနာခံစားရတော့မည်မဟုတ်ကြောင်းသိရသည်။ **SCI**

## Wang Yibo ၏ WildAid Chinese Pangolins ကို ပရိသတ် ကြိုက်နှစ်သက်

အဆိုတော်၊ သရုပ်ဆောင်၊ အကနည်းပြ အားကစားဘက်စုံ ထူးချွန်သည့် Wang Yibo က WildAid Chinese Pangolins တွင် ပါဝင်ထားပြီး မှတ်တမ်းရုပ်ရှင်အဖြစ် ထုတ်လွှင့်ပြသခဲ့ရာ ပရိသတ် ကြိုက်နှစ်သက်အားပေးထားကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


အဆိုပါမှတ်တမ်းရုပ်ရှင်အတွက် Wang Yibo သည် ၂၀၂၃ခုနှစ် နှစ်ကုန်ပိုင်းတွင် တောလမ်းခရီးကို ကိုယ်တိုင်ဆိုင်ကယ်မောင်း၍ ရိုက်ကူးထားခြင်းဖြစ်သည်။

တောင်ပေါ်တောနက်ထဲထိ ကိုယ်တိုင် ဆိုင်ကယ်မောင်း၍ သဘာဝသားရိုင်းတိရစ္ဆာန်ကာကွယ်ရေးအတွက် အထူးသဖြင့် ရှားပါးတိရစ္ဆာန် သင်းခွေချပ်များ ကာကွယ်ရေးတွင် ပါဝင်ထားရာ အစိုးရမီဒီယာများကပါ သတင်းရေးသားထားကြသည်။

Wang Yibo ကို ယင်းမှတ်တမ်းရုပ်ရှင်အတွက် ရှားပါးသင်းခွေချပ်ကာကွယ်ရေးအသင်းက ဂုဏ်ပြုခံခဲ့ရကာ သင်းခွေချပ်နှင့်အတူ ဓာတ်ပုံပေးအပ်ခဲ့ပြီး သင်းခွေချပ်နှင့်တူသည်ဟု အဖွဲ့ဝင်တစ်ဦးက မှတ်ချက်ပေးသည်။ **(SKY)**




## Seo Yea ji ၏ အလှကုန် အမှတ်တံဆိပ် ထွက်ရှိလာ



ကိုရီးယားအနုပညာရှင် Seo Yea ji သည် ပရိသတ်ရှေ့မှ သုံးနှစ်ကြာ ပျောက်ကွယ်နေရာမှ အနုပညာလုပ်ငန်းများ စတင်လုပ်ကိုင်နေပြီဖြစ်ရာ အလှကုန် အမှတ်တံဆိပ် ကြော်ငြာထွက်ရှိလာသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Seo Yea ji သည် အနုပညာအရည်အသွေး ပြည့်ဝသော်လည်း ချစ်သူကို လွန်ကဲစွာ ထိန်းချုပ်မှု၊ ပညာအရည်အချင်းလိမ်လည်မှု စသည့် များစွာသော သံသယဖြစ်ရပ်များကြောင့် အနုပညာလုပ်ငန်းများ ရပ်နားထားခဲ့ရသည်။

Seo Yea ji သည် ချစ်သူ၏ အစ်ကိုဝမ်းကွဲ စီအီးအိုရာထူးယူလုပ်ကိုင်နေသည့် Gold Medalist အေဂျင်စီမှ နုတ်ထွက်ခဲ့ပြီး အေဂျင်စီသစ်နှင့် လက်တွဲထားကာ ဆိုးလ်ကုန်တိုက်တွင် ကျင်းပမည့် အလှကုန်အမှတ်တံဆိပ် တစ်ခု၏မော်ဒယ်လ်အဖြစ် ထွက်ရှိလာသည်။ **(SKY)**

## Taylor Swift ၏ ဗီယင်နာ ဖျော်ဖြေပွဲ ဖျက်သိမ်းခံရ

ကမ္ဘာကျော် အဆိုတော် Taylor Swift က ဗီယင်နာတွင် သူ၏ ဖျော်ဖြေပွဲ အပါအဝင် ဖျော်ဖြေပွဲသုံးခုဖျက်သိမ်းခံရ၍ စိတ်ပျက်မိသည်ကို ပြောကြားထားသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗီယင်နာ၌ လုံခြုံရေး အခြေအနေအရ ဖျော်ဖြေပွဲများဖျက်သိမ်းခံရကာ Taylor Swift က ဖျက်သိမ်းရခြင်းအကြောင်းရင်းသည် ကြောက်ရွံ့မှုအသစ်များနှင့် သူ့ကို အပြစ်ရှိစေသည်။ ပွဲသို့ လူအများလာရန် စီစဉ်ထားကြပြီး ဖျော်ဖြေပွဲ ဖျက်သိမ်းခံရ၍ ဝမ်းနည်းကြေကွဲစရာနှင့် မကြုံလိုက်ရ၍ ကျေးဇူးတင်စိတ်ပျက်မိသည်ဟု ပြောကြားထားသည်။

ဗီယင်နာမြို့ Ernst Happel အားကစားကွင်းတွင် အရောင်းရဆုံး ရှိုးပွဲသုံးပွဲကို ကွင်းအပြင်ဘက်မှ အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်နေသည်ဟု ယူဆရသည့် ဆယ်ကျော်သက်နှစ်ဦးကို ဖမ်းဆီးခဲ့ပြီး နောက်ဖျက်သိမ်းကြောင်း ဩစတြီးလျ အာဏာပိုင်များက ကြော်ငြာခဲ့ပြီး တတိယမြောက် လူငယ်ကိုပါ ထပ်မံဖမ်းဆီးမိထားသည်။ **(SKY)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၉)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်မောင်မြင့် အမည်ဖြင့် ချထားရရှိထားသော မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း၏ မြောက်ဘက်ခြမ်းဧရိယာ ပေ(၂၀×၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူများထံမှ ဒေါ်မိုးမိုးမှ မြေကွက်ချထားခြင်းခံရသူ ဦးတင်မောင်မြင့်ထံမှ အရပ်ကတိစာချုပ်+နိုကြီအထွေထွေ ကိုယ်စားလှယ်ပါဝါတို့အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်တင်မြင့်(အဘ)ဦးသောင်းလှိုင်(၉/ပကခ(နိုင်)၀၃၉၉၅၃)၊ ဒေါ်မိုးမိုး(အဘ)ဦးအုန်းမောင် (၈/ပခက(နိုင်)၁၇၈၀၉၈)၊ ဒေါ်ကျင်နု(အဘ)ဦးအုန်းမောင်(၈/ပခက(နိုင်)၁၇၇၈၅၇)၊ ဒေါ်ခင်စန်းရီ(အဘ)ဦးအုန်းမောင်(၉/ပကခ(နိုင်)၀၄၇၂၉၈)၊ ဦးလှဝင်းနိုင်(အဘ)ဦးအုန်းမောင်(၉/ပကခ(နိုင်)၀၇၉၆၅၆)၊ ဦးသီဟအောင် (အဘ)ဦးအုန်းမောင်(၉/ပကခ(နိုင်)၀၇၈၇၈၄)၊ ဦးတင်အောင်(အဘ)ဦးအုန်းမောင်(၉/ပကခ(နိုင်)၀၅၈၉၅၇)၊ ဒေါ်ဝမ်းဝမ်းဌေး(အဘ)ဦးအုန်းမောင်(၉/ပကခ(နိုင်)၀၆၈၂၂၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**(ဦးအောင်မြင့်) တရားလွှတ်တော်ရှေ့နေ၏တပည့်များ**

**ဦးချစ်ညီညီ (LL.B) ဦးဆန်းမြင့်နိုင် (LL.B) ဒေါ်ဖြူဖြူသဲ (LL.B) ဒေါ်ဇင်ဇင်စိုး (LL.B)**

**(ဥပဒေအကျိုးဆောင်ရှေ့နေများ)**

**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း–၀၂–၄၀၃၃၉၉၀၊ ၀၂–၄၀၇၂၇၇၉၊ ၀၉–၂၀၀၀၂၆၁၊ ၀၉–၇၉၂၀၆၆၉၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်နေ ဒေါ်ဇင်မာဦး(ဘ)ဦးအောင်ညွန့် (၁၃/လရန(နိုင်)၀၈၂၅၈၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ဇင်မာဦးသည် ဦးစိုင်းထွန်းထွန်းညွန့်(ဘ)ဦးစံညွန့်(၁၃/မဘန(နိုင်)၀၁၇၄၉၄)ကိုင်ဆောင်သူနှင့် (၂၃·၉·၂၀၂၄)ရက်က မဟာအောင်မြေခရိုင်တရားရုံးတွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ ဦးစိုင်းထွန်းထွန်းညွန့်နှင့် ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး စသည့် ကိစ္စအရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာဦး နှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဒေါ်ဇင်မာဦး**
**(၁၃/လရန(နိုင်)၀၈၂၅၈၇)**

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သူဇာဝင်း (LL.B , LL.M , D.B.L , D.I.L) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ခင်သူဇာဝင်း (LL.B , D.B.L) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်သက်ငုံဖူးအောင် (LL.B) အထက်တန်းရှေ့နေ**

**ဆဆ–၃ / ၄ ၊ ၅၇လမ်းနှင့်၅၈လမ်းကြား၊ ၁၀၆လမ်း ၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၂၅၉၁၉၈၄၈၇၊ ၀၉–၆၆၉၀၂၃၈၃၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးကျော်တင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငြိမ်းငြိမ်းအောင်(ဘ) ဦးသန်းအောင်(၉/မဟမ(နိုင်)၀၁၅၄၇၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးတက္ကသိုလ်
## (၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့ စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးတက္ကသိုလ်၏ (၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၅ ရက်နေ့ထိ လျှောက်ထားနိုင်ကြပါသည်။

(က) (၂၀၂၃-၂၀၂၄) ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (PhD) ပါရဂူ (ဘွဲ့) စာမေးပွဲကို အောင်မြင်ပြီးသူများ၊

(ခ) (၂၀၂၂-၂၀၂၃) ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ မဟာဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ(ဒုတိယနှစ်) သင်တန်း (ဘွဲ့)စာမေးပွဲများကို အောင်မြင်ပြီးသူများ၊

(ဂ) (၂၀၂၂-၂၀၂၃) ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ တတိယနှစ်ဂုဏ်ထူးတန်း (ဝိဇ္ဇာ၊ သိပ္ပံ)(ဂုဏ်ထူး) (ဘွဲ့) စာမေးပွဲများကို အောင်မြင်ပြီးသူများ၊

(ဃ) (၂၀၂၂-၂၀၂၃)ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ စတုတ္ထနှစ်(ဝိဇ္ဇာ၊ သိပ္ပံ)စာမေးပွဲများကို အောင်မြင်ပြီး သူများ၊

(င) (၂၀၂၃-၂၀၂၄)ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာဘွဲ့ စာမေးပွဲကို အောင်မြင်ပြီးသူများ၊

(စ) (၂၀၂၃-၂၀၂၄) ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ အသုံးချစိတ်ပညာ ဘွဲ့လွန်ဒီပလိုမာဘွဲ့ စာမေးပွဲကို အောင်မြင်ပြီးသူများ၊

၂။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ကာလာဖြင့်ရိုက်ကူးထားသော (မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံ)(၂" × ၁½")အရွယ် ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)တို့ကို ပူးတွဲ၍ လျှောက်ထားရပါမည်။ အဖြူအမည်းဖြင့် ရိုက်ကူးထားသောဓာတ်ပုံများကို လက်ခံမည်မဟုတ်ပါ။

၃။ ဘွဲ့နှင်းသဘင်လျှောက်ထားသူများ၏ ဘွဲ့နှင်းသဘင်ကြေးငွေမှာ တက်ရောက်ဘွဲ့(ကျပ် ၁၅၀၀/-) (ကျပ် တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ (ကျပ် ၁၀၀၀/-) (ကျပ် တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်ကြေးငွေများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၅။ ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာ **(Postel Money Order)** ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် **'ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း'** ဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ် လိပ်မူ၍ လျှောက်လွှာရှင်၏ **အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံ**ကို တိကျစွာ ဖော်ပြ ရပါမည်။ **(ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)**

၆။ (၂၀၂၁-၂၀၂၂) ပညာသင်နှစ်မတိုင်မီက (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ပြီးသူ များသည် **'အဝေးရောက်ဘွဲ့'** အတွက် လျှောက်ထားနိုင်ပါသည်။

၇။ အဝေးသင်တက္ကသိုလ် (ယခင် မန္တလေးတက္ကသိုလ် စာပေးစာယူသင်တန်းဌာန)၏ (၁၉၈၁-၁၉၈၂) ပညာ သင်နှစ်မှ (၁၉၈၇-၁၉၈၈) ပညာသင်နှစ်အထိ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများသည် **'အဝေးရောက်ဘွဲ့'** အတွက် မန္တလေးအဝေးသင်တက္ကသိုလ်တွင် လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**မန္တလေးတက္ကသိုလ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်နံပါတ်(၅၁)ဟု ခေါ်တွင်သော ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ယေလီ အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်ပိုင်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ချိုစန်း (ဘ)ဦးညွန့်သန်း(၉/ကဆန(နိုင်)၁၇၇၉၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးစုထွန်း (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၆၀၆၀၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၄)၊ ဦးပိုင်နံပါတ်(၂၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁) ဧက၊ ပေ (၄၀×၆၀) အကျယ်အဝန်းရှိ ဦးကျော်တင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရင်သိန်း(ဘ)ဦးလှဒွေး(၁/မညန(နိုင်) ၀၀၀၈၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

ယာဉ်မောင်း စဉ် လက်ကိုင်ဖုန်း မပြောရ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(င/၃၂)၊ ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းနှင့် မုံရွေးကျောင်းလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရွှေတင်၏ (SP ရရှိသူ ဒေါ်ခင်လှမြင့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၈၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်နိုင်ဇော်(၁၂/စခန(နိုင်)၀၅၆၈၉၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၉၄၈/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၃၀·၇·၂၀၂၄ ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၁)၏ ကြော်ငြာစာတွင် ခစင်းပြအရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးရာတွင် ဝယ်ယူခဲ့သူ ဒေါ်ကျင်ကျင်အစား ဒေါ်ကျင်ကျင်၏ (SP ရရှိသူ မောင်ငယ်)ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြှင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...**

❖ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် အလှူရှင်တို့က ရာဂီမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကရုဏာအလှူတော်ငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊မဟာဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် အလှူရှင်တို့က ရာဂီတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်

စာမျက်နှာ ၈ သို့ ✳





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

## AFC U-20 Asian Cup 2025 Qualifiers အာရှ ယူ-၂၀ ခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနား ကျင်းပ



ကာဂျစ်စတန်နိုင်ငံ Bishkek မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC U-20 Asian Cup 2025 Qualifiers အာရှ ယူ-၂၀ ခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ရက် က Dolen Omurzakov Stadium တွင် ကျင်းပပြုလုပ်ခဲ့သည်။

ပွဲကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ ပြိုင်ပွဲဝင်အသင်းများ၏ နည်းပြချုပ်နှင့် အသင်းခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

"ဒီအုပ်စုမှာ အာရှအင်အားကြီး ဂျပန်၊ အိမ်ရှင် ကာဂျစ်စတန် စတဲ့အသင်းကောင်းတွေ ပါဝင်နေပါတယ်၊ ခြေစစ်ပွဲဖြစ်တဲ့အတွက် အသင်းတိုင်းမှာ အခွင့်အရေးကိုယ်စီရှိနေပါတယ်၊ ကျွန်တော်တို့ မြန်မာအသင်းလည်း ရတဲ့အခွင့်အရေးကို အကောင်းဆုံးအသုံးချပြီး ရလဒ်ကောင်းရအောင် ကြိုးစားသွားမှာပါ။ ပြိုင်ဘက်အသင်းတွေကို ခြေစွမ်းပိုင်းနဲ့ အားသာချက်၊ အားနည်းချက်တွေကို သေချာလေ့လာထားပါတယ်"ဟု မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်း၏ နည်းပြချုပ် ဦးအောင်နိုင်က ပြောကြားခဲ့သည်။

"ပွဲစဉ်တိုင်းကို လေးလေးစားစား ယှဉ်ပြိုင်သွားမှာပါ၊ အသင်းဖော်တွေအားလုံးလည်း စည်းစည်းလုံးလုံးနဲ့ ပုံစံကောင်းရနေပါတယ်၊ လက်ရှိမှာတော့ တစ်သင်းလုံးက အိမ်ရှင်ကာဂျစ်စတန်နဲ့ အဖွင့်ပွဲစဉ်ကို အပြည့်အဝ အာရုံစိုက်ထားပါတယ်"ဟု မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းခေါင်းဆောင် စွမ်းထက် က ပြောသည်။

မြန်မာ ယူ-၂၀ အသင်းသည် AFC U-20 Asian Cup 2025 Qualifiers အာရှ ယူ-၂၀ ခြေစစ်ပွဲအဖြစ် ယနေ့ ည ၈ နာရီ ၃၀ မိနစ်တွင် ကာဂျစ်စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

(NGB)

0-0-0-0-0

## တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် (ယနေ့) ညနေ ၃ နာရီ ၁၀ မိနစ်မှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Parliament တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်